


# ဒီငါးချက်နဲ့ ကြိုးစားကြပါ

(၂၉၁)

ဟောကြားသည့်နေ့

၃၀ – ၃ – ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၁) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

## ဒိင်္ဂါးချက်နဲ့ ကြိုးစားပါ

ဟောကြားသည့်နေ့ (၃၀-၃-၆၁)

တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အင်္ဂါငါးပါး ပြည့်စုံလို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်တယ်လို့ ဗောဓိရာဇကုမာရ ကိုဟောထားတာရှိတယ်။ ဒါကြောင့် ဒကာ ဒကာမ တွေ ဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံအောင်လုပ်ပါဆိုတဲ့ဥစ္စာ ဘုန်းကြီးက တိုက်တွန်းတယ် . . . (မှန်ပါဘုရား)။

တန်ခူးလသကြ်န်ကျတော့မယ်ဆိုတော့ ဒကာဒကာမ တွေ ကိုယ့်ရေးကိုယ်တာ ကြိုးစားတဲ့အခါကျလို့ရှိရင်၊ ဒီအင်္ဂါး

ပါးနဲ့ ပြည့်စုံအောင် လုပ်ကြလို့ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်တယ်၊ ကိုယ့်ပါရမီအလိုက်ပဲဆိုတဲ့ဥစ္စာ သေသေချာချာ ဟောထားတယ်နော်. . . (မှန်ပါ့ဘုရား)။

## ယုံကြည်ရမယ် (၁)

၁-နံပါတ်က ဘာတုံးလို့မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်တော်နဲ့ သိနေတဲ့ တရားတွေ ဩော်. . . ကိုယ်တော်မြတ်ကြီးဟာ အကုန်သိပေတာပဲ မဟုတ်ရင် တစ်လုံးမှမပြောဘူး မှန်တာချည်းပဲပြောတယ်။ မှန်တာကိုလည်း အင်မတန်သုံးလေ့ရှိတယ်။ သစ္စာဆိုက်အောင်ပြောတဲ့ ကိုယ်တော်ကြီးဖြစ်လေသောကြောင့် သူ့ပေါ်မှာ ဂုဏ်တော်ကိုးပါးတွေရှိတာ၊ ယုံယုံကြည်ကြည်နဲ့ ဦးခင်မောင်တို့ ဒကာဝတို့ အားထုတ်ရလိမ့်မယ်နော်. . . (မှန်ပါ)။ ဘုရားအပေါ်မှာ ယုံကြည်ရမယ်ပေါ့ဗျာ . . . (မှန်ပါ)။

## ကျန်းမာရမယ် (၂)

သူ့အပေါ်ယုံကြည်ငြားသော်လည်း ကိုယ်ကမကျန်းမာပြန်တော့လည်း အားထုတ်တဲ့အရေးက နှောင့်နှေးလိမ့်မယ် (မှန်ပါ)။ ဒါကြောင့် ယုံကြည်ပြီးသည့်အခြားမဲ့၌၊ ဘုန်းကြီးတို့

ဒကာ ဒကာမတွေ ကျန်းမာရေးကလေးလည်း ဂရုစိုက်ပါ. . . (မှန်ပါဘုရား)။ တရားအားထုတ်တော့မယ်ဆိုတော့ ဘုရားကို ယုံကြည်တာရယ် ပြီးတော့ ကျန်းမာမှု ရယ် ဘယ်နှစ်ခုရှိသွားပြီလဲ . . . (နှစ်ခုပါဘုရား)။ အဲယုံကြည်, ကျန်းမာ . . . (မှန်ပါ)။

## စိတ်ထားဖြောင့်ရမယ် (၃)

စိတ်ကိုလည်း ဖြောင့်ဖြောင့်ထားပါ။ဖြစ်ပျက်မြင်ရင် ဖြစ်ပျက် မြင်တာပေါ့။ မုန်းရင်မုန်းတာပေါ့။ ဆုံးရင်ဖြင့် ဆုံးတယ်လို့ ဆရာသမားများ မေးမြန်းတဲ့အခါကျလို့ရှိရင်၊ ဒကာဒကာမတို့ စိတ် ဖြောင့်ဖြောင့် ထားပြီး တရားအားထုတ်တဲ့အခါ ပြောကြဆို ကြပါနော်. . . (မှန်ပါ)။ ဒါဖြင့် ယုံကြည်, ကျန်းမာ, စိတ်ဖြောင့် စွာဖြင့် . . . သုံးခုရှိသွားပြီ . . . (မှန်ပါဘုရား)။

## လွန်စွာ အားထုတ်ရမယ် (၄)

ကိုင်း ဒါဖြင့် အားထုတ်တဲ့အခါကျတော့ ဘယ်လိုအား ထုတ်ရမှာတုံးဆိုတော့၊ ဒကာဒကာမတို့ ကိုယ့်အပါယ်လေးပါး တံခါးကို ကိုယ်ပိတ်တဲ့ဥစ္စာပဲ နွေးနွေးပိတ်ရ တော်မလား. . . အမြန်အားထုတ်ပိတ်ရရင်တော်မလား (အမြန်အားထုတ်ပိတ်ရ ရင်တော်ပါတယ်ဘုရား)။ ကိုယ့်အိုဘေးနာဘေး သေဘေးတွေ ကို ကိုယ်ပဲမလိုချင်လို့၊ ကိုယ်ပဲ အိုဘေးနာဘေး သေဘေးနဲ့

ခဲ့တဲ့အလုပ် လုပ်တာကို အားစိုက်ပြီးအား ထုတ်ကြပါဆိုတဲ့ အားထုတ်မှုကလေးလည်း ဒကာဒကာမတွေဖြစ် ပျက်ရှုတဲ့အခါ အားစိုက်ပြီးရှုကြပါ (မှန်ပါဘုရား)။ ဒါဖြင့် လွန်စွာအားထုတ် . . . (မှန်ပါ)။

## နာမ်နဲ့ ရုပ်ကို

ဘယ်သူ့အားထုတ်ရမှာတုံးဆိုတော့ နာမ်ကြိုက်ရင် နာမ်အားထုတ်ပါ။ ရုပ်ကြိုက်ရင် ရုပ်အားထုတ်ပါ။ ရုပ်လဲရင် နာမ်လဲတာပဲ။ ရုပ်ပြိုရင်နာမ်လည်းပြိုတာပဲဆိုတာလည်း ဒကာဒကာမတွေကို ပြောထားလို့သိနေပါပြီ (မှန်ပါဘုရား)။ လွန်စွာ အားထုတ်နာမ်နဲ့ရုပ်ကို . . . (မှန်ပါ)။

## ဖြစ်ပျက်မြင်ရမယ် (၅)

ဘယ်လိုမြင်ရမှာတုံးဆိုတော့ ဖြစ်, ချုပ်ဉာဏ်မြင် . . . တဲ့။ ဖြစ်တာကလေးနဲ့ ချုပ်တာကလေးကို ဩော် . . . ဖြစ် သွားလို့ပျက်တာပဲ . . . ဩော် . . . ဖြစ်လို့ပျက်တာပဲ. . . ဩော်ဖြစ်လို့ပျက်တာပဲဆိုပြီး ဖြစ်ပျက်ကိုမြင်ရလိမ့်မယ်နော် . . . (မှန်ပါဘုရား) ဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင် မှန်ပင်မဂ်ရကြောင်း . . . တဲ့ (မှန်ပါ)။

ဒကာဒကာမတို့ ဒါဟာပဓာနိယင်္ဂမတရား ငါးပါး လို့ခေါ်ပါတယ် (မှန်ပါ)။ ဗောဓိရာဇကုမာရမင်းသားကိုလည်း ဟောပါတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာလည်း ဟိုနေရာ ဒီနေရာဆိုသလိုပဲ မဂ်ရကြောင်းတွေပြတဲ့နေရာဌာနကျတော့ ဒကာဒကာမတို့ ဤငါးပါးဟာ ပါတာပဲ (မှန်ပါ)။ အကျဉ်းဆောင်ပုဒ်မှတ်ထားကြပါ။

**ယုံကြည်, ကျန်းမာ, စိတ်ဖြောင့်စွာဖြင့်**
**လွန်စွာ အားထုတ်၊ နာမ်နှင့်ရုပ်ကို**
**ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်**
**မှန်ပင်မဂ် ရကြောင်း. . . . .။**

အရင်နှစ်တွေက ရပြီးသားပုဂ္ဂိုလ်တွေကတော့ ရပြီးသား ဖြစ်ကြလိမ့်မယ်နော်. . .။ ဒီနှစ်မရသေးတဲ့ ပုဂ္ဂိုလ်များကတော့ ဒါလေးတော့ ရအောင်ဆိုကြရလိမ့်မယ် (မှန်ပါ)။ ဘာ့ကြောင့်တုံး . . . တန်းခူးလမှာကို အားထုတ်တော့မှာ။ အားထုတ်တဲ့ အခါကျတော့ ဘုရားလည်းယုံ ကြည်ပါ၏,သံဃာလည်း ယုံကြည်ပါ၏။ ဒါကြောင့် ယုံကြည်ကျန်းမာစိတ်ဖြောင့်စွာဖြင့်၊ လွန်စွာ အားထုတ်၊ နာမ်နဲ့ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင်မှန်ပင် မဂ်ရကြောင်းတဲ့ (မှန်ပါ)။

## မဂ်ရဖို့အကြောင်း ငါးပါး

ဒကာ ဒကာမတို့ယုံကြည်မှု (၁)နံပါတ်ဖြစ်ရမယ်နော် (မှန်ပါ)။ (၂) ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ရမယ်နော် (မှန်ပါ)။ (၃) စိတ်ကိုလည်း ဖြောင့်ဖြောင့်ထားရမယ်၊ လိမ်ကောက်ကျစ်တဲ့စိတ်မပါပါစေနဲ့။ မမြင်တာကို မမြင်ဘူး, မြင်တာကို မြင်တယ်လို့ပဲပြောပါ (မှန်ပါ)။ (၄) လွန်စွာလည်း အားထုတ်ပါတဲ့၊ ဝီရိယစိုက်ပါနော် ဘယ်အပေါ်မှာ အားထုတ်ရမှာတုံးမေးတဲ့အခါကျတော့ နာမ်နဲ့ရုပ်အပေါ်မှာ တစ်ခုခုအပေါ်မှာ အားထုတ်ပါ(မှန်ပါ)။ နာမ်ကိုအားထုတ်လို့ရှိရင်လည်း နာမ်တင်အားထုတ်တာက သာတောင်ကောင်းတယ်၊ ဉာဏ်နုံ့သူများမှာ (မှန်ပါ)။ ရုပ်ကိုအားထုတ်ရင်လည်း ရုပ်ပေါ်မှာဖိပြီးအားထုတ်ပါ(မှန်ပါ)ဉာဏ်နုံ့သူဖြစ်လျှင် တွဲပြီးတော့အားမထုတ်တာကပိုကောင်းပါတယ် (မှန်ပါ)။ (၅)ဖြစ်ချုပ်ဉာဏ်မြင် . . . တဲ့ ဒကာဒကာမတို့ ဖြစ်တာနဲ့ပျက်တာကိုမြင်ရမယ် (မှန်ပါ)။

## ဒါနှင့် ပြည့်စုံရင်မဂ်ရမယ်

ဤငါးအင် အမှန်ပင်မဂ်ရကြောင်း . . . တဲ့ဒီငါးပါးနှင့်စုံလို့ရှိရင်မြင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကေန်ရပြီး အပါယ်လေးပါးတံခါးပိတ် ကိုယ့်အိုဘေးနာဘေး သေဘေးတွေလည်း ကိုယ့်ဟာကို လွတ်ရေးကျွတ်ရေးအဖြစ်နဲ့ပဲ ကိစ္စပြီးသွားတော့၊ ဒကာ

ဒကာမတို့ ဒီအတိုင်း ကြိုးစားရင် မရမရှိပါဘူး (မှန်ပါ) သဘော ပါကြပလား (ပါပါပြီ)။

ဘယ်နှစ်ချက်ပါလိမ့် . . . (ငါးချက်ပါဘုရား) ဒီငါးပါး ပြည့်စုံရင် ဘာတဲ့တုံး . . . (မဂ်ရနိုင်ပါတယ်)။

## မခာနိယက်မတရားငါးပါး

အဲဒါမနှစ်က ဒကာဒကာမတွေရပြီးသားဖြစ်ပါပြီ၊ ယခု နှစ်မှလာတဲ့ ဒကာဒကာမတွေ သိကြားလိမ်မာပြီးသကာလ၊ နောက်ကျနေတဲ့ ပုဂ္ဂိုလ်များအတွက်မှာ ဒါလေးကို ဩော် . . . ငါတို့သည် ဒီငါးပါးနဲ့ ပြည့်စုံရင်ဖြင့် အပါယ်လေးပါး တံခါး ပိတ်မှာပါကလား . . .။ အိုဘေး နာဘေး သေဘေးကင်းတဲ့ နိဗ္ဗာန်ကြီးကိုအရောက်ကြီးရောက်မှာပါကလားဆိုတာ မှတ်ထား လိုက်ကြစမ်းပါ (မှန်ပါ)။ ရှင်းကြပြီနော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒါဟာပခာနိယင်္ဂမ တရား ငါးပါးလို့ မှတ်လိုက်ကြစမ်းပါ။

## ဝစ္ဆပရိဗိုဇ်

ကဲဒါဖြင့် ဒကာ ဒကာမတို့ကို ပထမစကတည်းက ပြောခဲ့တယ်။ ဝစ္ဆပရိဗိုဇ်ကမေးတာကလေးကို မမေ့နဲ့နော် (မှန် ပါ)။ ဒကာ သစ်မမေ့နဲ့။ ဝစ္ဆကဘယ်လို မေးလိုက်သတုံးဆိုတော့

မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလားလို့ ဘုရားကိုမေးလိုက်တယ် (မှန်ပါ)။

ဘယ်သူက မေးပါလိမ့်။ (ဝစ္ဆပရိဗိုဇ်က မေးပါတယ်)။ ဒါသေသေချာချာမှတ်ပါ ဒကာဒကာမတို့။ဒီတန်ခူးလမှာ ကြိုးစားရမှာဖြစ်နေလို့ (မှန်ပါ) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား . . . ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရနိုင်ပါ့မလားလို့မေးလိုက်တဲ့အခါ၊ ဒကာ ဒကာမတို့ ဘုရားကမရနိုင်ဘူးလို့ ဖြေလိုက်တယ် (မှန်ပါ)။

## လူ့သံယောဇဉ် မစွန့်ရင် မဂ်ဉာဏ်မရ

လူဟာ . . . လူ့သံယောဇဉ် မစွန့်ဘဲနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန် ရနိုင်ပါ့မလားလို့ ဝစ္ဆကမေးတယ်။ ဘုရားက ဘယ့်နှယ်ဖြေသလဲ . . . (မရဘူးလို့ ဖြေပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတွေကိုယ်ကျိုးနည်းရတော့မယ်။ ဒီလို အမိန့်ပြာယ်သာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလို့ရှိရင်၊ တပည့်တော်တို့က သားနဲ့ သမီးနဲ့ အရောင်းနဲ့ အဝယ်နဲ့ ဒီအတိုင်းဆိုရင်၊ တပည့်တော်တို့ရဖို့ရာ အံ့တော်ခဲယဉ်းပါပေ့လားဘုရားဆိုပြီး၊ ချုံးပွဲချပြီး၊ ဘုတ်ထိုင်-ထိုင်ပြီး မျက်ရည်ကျဖို့ပဲရှိတော့တယ် (မှန်ပါဘုရား)

ဒီလိုလည်း မဟုတ်သေးပါဘူး ဒကာ ဒကာမတို့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား ဆိုတာကလေး မေးလိုက်တဲ့အခါကျတော့၊ ဦးခင်မောင် ဘုရား ကသာတဲ့တုံး (မရနိုင်ဘူး)။

## မစွန့်တဲ့အချိန်စွန့်တဲ့အချိန်

မစွန့်တဲ့ အချိန်, စွန့်တဲ့အချိန်လို့ အချိန်ကလေးခွဲလိုက် (မှန်ပါ) ကိုင်းဒကာ ဒကာမတွေက ဘုရားကိုလည်း ယုံကြည် တယ်(မှန်ပါ)ကျန်းလည်းကျန်းမာတယ်၊ စိတ်လည်းဖြောင့်ဖြောင့် ထားတယ်၊ အားလည်းထုတ်တယ်၊ ခန္ဓာကိုယ်ကြီးကို ဝေဒနာ နုပဿနာ, စိတ္တာနုပဿနာ, ကာယာနုပဿနာတွေကို အား လည်းထုတ်တယ်ဆိုကြပါစို့ . . . (မှန်ပါ) ဖြစ်ချုပ်လည်း မြင်တယ်ဆိုကြပါစို့ (မှန်ပါ)။

အဲဒီတော့ ခန္ဓာကိုယ်ကြီးကြည့်လိုက်တဲ့အခါကျတော့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဝေဒနာကလေးတွေက ဟိုပေါ်ဒီပေါ်နဲ့ ဖြစ်ပျက်ကလေးတွေကို မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား) ဒါဖြင့်ဖြစ်ပျက်က အနိစ္စ မြင်တာကဝိပဿနာမဂ္ဂ (မှန်ပါ)။

ဖြစ်ပျက်က အနိစ္စ, မြင်တာက (မဂ္ဂပါဘုရား) ဝိပဿနာမဂ္ဂ ထည့်လိုက်ဦးနော် . . . (မှန်ပါ) ဝိပဿနာရှုတဲ့ မဂ်ဆိုတော့ ဒီအထဲမှာ ဒကာ ဒကာမတို့ဖြစ်ပျက်နဲ့ မဂ်နဲ့ သူ့

ဟာသူ အံကျဖြစ်နေတော့၊ ဒီအချိန်မှာ အားထုတ်နေတဲ့ ယောဂီမှာသံယောဇဉ်ရှိသေးသလား . . . (မရှိပါဘူး) ဒါဖြင့် ဒီအချိန်ကဆက်ပြီး အားထုတ်သွားလို့ဖြစ်ပျက်မြင်ရင် ဦးခင်မောင် ဖြစ်ပျက်မှုန်း, ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်မရဘူးလား . . . (ရပါမယ်ဘုရား)။

## အလုပ်လုပ်နေတော့ စွန့်ပြီးသားဖြစ်တယ်

ဒါဖြင့် ဒကာ ဒကာမတို့ မစွန့်ဘဲနဲ့ လုပ်ရင်သာမရတာပါ။ ဒီအလုပ်လုပ်နေတော့စွန့်ပြီးသားဖြစ်နေတာကြောင့်လည်း မရနိုင်ဘူးလား . . . (ရနိုင်ပါတယ်)။

အဲဒါကြောင့် ဒကာ ဒကာမတို့ကို ကျမ်းနှစ်ခုတွဲ ပြီးပါတယ်၊ အင်္ဂုတ္တိုရ်ကလည်း ဒီငါးပါးစုံရင်ရမယ်လို့လာတယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်ကလည်း လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ ဒုက္ခ၏အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရနိုင်ပါ့မလားလို့မေးတော့ မရနိုင်ဘူးလို့ဘုရားကဖြေထားတယ်၊ ဒီတော့ အဲဒါနှစ်ခုစပ်ပြီး ယူတတ်ကြဖို့က ဝိပဿနာအားမထုတ်လို့ သံယောဇဉ် တဒင်္ဂပဟာန်လောက်မှ မကင်းရင် မရနိုင်ဘူး (မှန်ပါ)ဝိပဿနာအားထုတ်လို့ ဝိပဿနာမဂ်နဲ့ တဒင်္ဂပဟာန်စွန့်သွားရာမှ ဉာဏ်ရင့်သည်ထက်ရင့်ပြီး သမုစ္ဆေဒပဟာန်ထိအောင်တက်သွားရင် မဂ်ဖိုလ်ရနိုင် တယ်လို့ မှတ်ကြပါ (မှန်ပါ)။

ဒကာ ဒကာမတွေ ဥပမာမယ် ဒီစိတ်ကို ငါလို့စွဲလမ်းရင် ရပ့်ါမလား (မရပါဘူး) ငါ့ဥစ္စာလို့ စွဲလမ်းရင်ကော (မရပါဘူး) ငါ အားထုတ်တယ်ဆိုရင်ကော (မရပါဘူး) ဒါတော့ ဘာရနိုင်မလဲ၊ ဒကာ ဒကာမတွေ သိတဲ့အတိုင်း သံယောဇဉ်တန်းနေတယ် (မှန် ပါ) ဒီဟာ လူ့ သံယောဇဉ် စွန့်သေးရဲ့လား (မစွန့်ပါဘူး) ဒါက စိတ်ကလူစိတ်ပေ့ါဗျာ၊ ဒီက သံယောဇဉ်တွေက နောက်ကမတန်းဘူးလား . . . (တန်းပါတယ်) အဲ . . . တန်းနေရင်တော့ ဘယ့်နှယ်ဆိုကြမလဲ . . . (မရပါဘူး) အဲ . . . ဒီလိုပင္စိစ္စသမုပ္ပါဒ် တန်းရင် မရဘူး (မှန်ပါ)။

## မြင်စိတ်ပေါ်ရင်

ကိုင်း ဒါဖြင့် ဒီလိုထားပါ၊ ဒကာ ဒကာမတွေမြင်စိတ်ကလေးပေါ်လာရင် ဒကာ ဒကာမတွေက ဘယ်လိုရှုမယ် . . . (ဖြစ်ပျက်လို့ ရှုရပါမယ်ဘုရား) ဖြစ်ပျက်လို့ ရှုလိုက်တော့ ဦးခင်မောင်တို့ ဒီမှာကြည့်၊ အားလုံးတရားနာတဲ့ ဒကာ ဒကာမတွေ ဒီမှာကြည့် ဟောဒါက မြင်စိတ်ဖြစ်ပျက် - ဟောဒါက ဝိပဿနာမဂ် . . . (မှန်ပါ) ဝိပဿနာ မဂ်ဖြစ်နေတော့ ခုနင်က ငါဆိုတဲ့ ဒိဋ္ဌိပြတ်သွားတယ် (မှန်ပါ) ဒိဋ္ဌိပြုပါ ဒါန်ကော . . . (ပြတ်ပါတယ်) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေကော . . . (ပြတ်ပါတယ်ဘုရား) ပြတ်သွားတော့ လူဟာ လူ့သံယောဇဉ်စွန့်တဲ့အချိန်

(မှန်ပါ) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် အားထုတ်လို့ ဖြစ်ပျက်မြင်တဲ့အချိန်ဟာ ဘယ်အချိန် ပါလိမ့် . . . (လူ့သံယောဇဉ်စွန့်တဲ့ အချိန်ပါဘုရား) လူ့သံယောဇဉ် စွန့်တဲ့အချိန်ဆိုတာ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝစ္ဆကမေးလို့ ဘုရားကဖြေတာ၊ လူဟာ သူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလားလို့ မေးလိုက်တဲ့အခါကျတော့ မရဘူးလို့ဆိုတာလည်း ခုနင်က ပဋိစ္စသမုပ္ပါဒ် (မှန်ပါ) ဒီလိုဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက် နေပြန်တော့လည်း ရနိုင်တယ်ဆိုတာ သေချာကြပလား (သေချာ ပါပြီ) ဒါက သူများ ပြောထားတဲ့ ဒကာ ဒကာမတွေ သံယောဇဉ်ဟာ၊ အခုချက်ချင်းကိုပဲ ရှုတဲ့အချိန်မှာ ပြတ်တာကိုဆိုတာလား . . . (ပြတ်တာကို ဆိုတာပါ) သဘောကျပလား . . . (ကျပါ ပြီ)။

## ကာမချေသည် ယောကျ်ား

အေး . . . ဒါကြောင့် ဒကာ ဒကာမတို့ . . . အဋ္ဌကထာများမှာ ထုတ်ပြတဲ့ ဝတ္ထုတွေရှိပါတယ်။ သံယောဇဉ်ပြတ်လို့ မဂ်ဖိုလ်ရတဲ့ ဝတ္ထုတွေရှိပါတယ်၊ သံယောဇဉ်ပြတ်လို့ မဂ်ဖိုလ်ရတဲ့

ဝတ္ထုတွေ။ ကချေသည်ယောက်ျား (ဘားဂျမ်းသမား) အတောင်ခြောက်ဆယ်ရှိတဲ့ ဝါးပေါ် ကနေပြီးသကာလ၊ ဒကာ ဒကာမတို့ ကရင်းခုန်ရင်း ပြသရင်းနဲ့ပဲ တရားနာရတာနဲ့ သံယောဇဉ် ပြတ်သွားလို့ အဲဒီအတောင်ခြောက် ဆယ်ဝါးပေါ် မှာပင် ရဟန္တာဖြစ်တာလည်း ရှိတယ် (မှန်ပါ) ဒါဘာဖြစ်လို့ရသွားပါလိမ့် (သံယောဇဉ်ပြတ်လို့ပါ) ပြတ်တဲ့ အချိန်ရသွားတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

## အလုပ်လုပ်တဲ့ အချိန်ပြတ်တယ်

ဒီလိုဝတ္ထုတွေကဖြင့် ကျမ်းဂန်လာတာတွေ၊ ဦးခင်မောင် မနည်းပါဘူး၊ (မှန်ပါ) ဒါဖြင့် သံယောဇဉ်ပြတ် မပြတ်ဆိုတာသည် ဒကာ ဒကာမတွေ ရှင်းလောက်ပါပြီ အလုပ်လုပ်တဲ့အချိန်မှာ (ပြတ်ပါတယ်) အလုပ် မလုပ်တဲ့အချိန်မှာ . . . (မပြတ်ပါဘူး)။

အဲ . . . သံယောဇဉ်ဆိုသဖြင့် ဒကာ ဒကာမတွေက ရှုပ်နေမှာစိုးရတယ်၊ အားလုံး ဒကာ ဒကာမတွေ သေသေချာချာ မှတ်ပါ။ ပဋိစ္စသမုပ္ပါဒ် တန်းသွားရင် မရတော့ဘူး (မှန်ပါ) ပြတ်ရင်တော့ (ရပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## တပေါင်းလပြည့်နေ့ဖြစ်လို့

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာကို ဒကာ ဒကာမတို့ ခုနင်က ပြောခဲ့တဲ့ ပဓာနိယင်္ဂမတရားငါးပါးနဲ့ အားထုတ်လို့ရှိရင် သံယောဇဉ်က ပြတ်နေတယ် (မှန်ပါ) ဒါကြောင့် ဒီနှစ်ကျမ်းကို တွဲပြီးသကာလ ဒကာ ဒကာမတွေ ရှင်းသည်ထက်ရှင်း လင်းသည်ထက် လင်းအောင်ကို လပြည့်နေ့လည်းဖြစ်နေတယ် အဖိုးလည်း အင်မတန်တန်တဲ့ နေ့ကြီးဖြစ်နေတော့၊ဒကာ ဒကာမတို့ ခုနင်ကပြောတဲ့ ငါးချက်နဲ့ ညီညွတ်အောင် အားထုတ်နေလို့ရှိရင် ဒီမဂ်မလာပေဘူးလား . . (လာပါတယ်)လာရင်ဒီဝိပဿနာမဂ်ဟာ တော်တော်ကြာရင့်သန်လာရင် လောကုတ္တရာမဂ်ဖြစ်မယ်၊ (မှန်ပါ) မဖြစ်ပေဘူးလား . . (ဖြစ်ပါတယ်ဘုရား) အဲဒီတော့ ရထိုက်သလား . . . မရထိုက်ဘူးလား . . . (ရထိုက်ပါတယ် ဘုရား)။

## ကြိုးစားပါ

အေး ဒါကြောင့် ကြိုးစားပါဆိုတာလည်း ဆရာဘုန်းကြီးကလည်း တိုက်တွန်းတယ် (မှန်ပါ) ဘယ့်နှယ်ကြောင့် ဘုန်းကြီးကလည်း လောကွက်တွေ ဒါလောက်များရပါလိမ့်မတုံးလို့ ဒကာ ဒကာမတွေက စွဲချက်တင်ချင်လည်း တင်ကြလိမ့်မယ်၊ မသိထဲ့ပုဂ္ဂိုလ်သန္တာန်ဟာ ဘယ်လိုဖြစ်နေသတုံးဆိုတော့ လေး

ဘက်သွား ကလေးကလေးနဲ့ တူနေတယ်။ လေးဘက်သွား က လေးကလေးဟာ ဒုတ်ချောင်းလည်း မျိုလိုက်တာပဲ။ မန်ကျည်းစေ့ ကလေးလည်း မျိုလိုက်တာပဲ ဦးခင်မောင် (မှန်ပါ) ဒီလိုမျိုတာကို အမေအဖေက ကြည့်နေလို့ တော်ပါ့မလား . . . (မတော်ပါဘူး) ဒုတ်ချောင်းမျိုလည်း ဥပါဒ်အန္တရာယ်ဖြစ်ချေရဲ့၊ မန်ကျည်းစေ့မျို လည်း ထွက်သက်ဝင်သက်ပိတ်ပြီး သေချေရဲ့ဆိုတော့၊ ဒကာ ဒကာမတွေကို ဘုရားက ကလေးသူငယ်သဖွယ်ထားပြီး သူတို့ မျိုတာကလေးတွေ ဆွဲဆွဲထုတ်ရတယ် (မှန်ပါ)။

ဒါကလေးဟာ ငါဆိုရင်မြင်လိုက်ပြီ (မှန်ပါ) မြင်တဲ့ စိတ်ကလေးဟာ ငါပဲဆိုလို့ရှိရင် ဒိဋ္ဌိနဲ့မျိုလိုက်ပြီ (မှန်ပါ) မျိုလို့ရှိ ရင်အတွင်းရောက်သွားပြီ၊ ဒိဋ္ဌုပါဒါန်အတွင်းရောက်သွားပြီ (မှန်ပါ)နောက်ဒိဋ္ဌိ အုပ်ချုပ်တဲ့ - ကံတွေကော မလာပေဘူးလား . . . (လာပါတယ်) ဒီလိုမျိုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမ တို့သံယောဇဉ်တွေက ဒီမှာသုံးချက်မတန်းဘူးလား . . (တန်းပါ တယ်) တဏှာ ဥပါဒါန်၊ ကံ . . . သုံးချက်တန်းတယ်။ သဘောပါ ကြပလား . . . (ပါပါပြီ)

## ငါမြင်တယ်၊ ငါ့ကို မညာနဲ့တဲ့

ဘယ်လိုတန်းပါလိမ့် . . . (တဏှာဥပါဒါန်ကံတန်းပါတယ် ဘုရား) ဒိဋ္ဌိဥပါဒါန်ကံ အတူတူပဲ တဏှာဥပါဒါန် အတူတူပဲ . . . (မှန်ပါ) သဘောပါကြပလား (ပါပါပြီ)။

မြင်စိတ်ကလေးကို ငါထင်လို့ရှိရင် သူ့ကိုဘာဆိုကြပါ့မလဲ . . . (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ကဲ ဒါတွေကို ဒကာ ဒကာမတွေတော့ နေ့တိုင်းမျိုးနေတာပဲ (မျိုးပါတယ်ဘုရား) ငါမြင်တယ် ငါ့ကိုမညာနဲ့ ငါ့ကိုမလိမ်နဲ့တဲ့။ တကယ့်ကိုဒီစိတ်ကို ငါမထင်ကြဘူးလား . . . (ထင်ပါတယ်ဘုရား) မျိုပြီလား မမျိုသေးဘူးလား (မျိုပါပြီဘုရား) ဒီရောက်ပြီ ဒီရောက်ပြီဆိုတော့ ဒီကလေးကို မကယ်တင်လို့ရှိရင် တော်ပါ့မလား (မတော်ပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အပင်ပန်းခံပြီးသကာလ၊ သြော် ဒကာဒကာမတွေကလည်း ရိုင်းလိုက်တာ တွေ့ရာကို မျိုနေတာပဲ။ တွေ့ရာကို မမျိုဘူးလားဗျာ . . . (မျိုပါတယ်ဘုရား)။

## နံတဲ့စိတ်ကို ငါနံတယ်

တစ်ခါ ကြားတဲ့စိတ်ကလေးကိုလည်း ကြားတာဘာတုံး . . . ငါပဲ။ မျိုပြန်ပြီဗျ။ ဒိဋ္ဌိနဲ့ မမျိုသေးဘူးလား . . . (မျိုပါတယ်ဘုရား)။

နံတာကလေးကိုလည်း နံတဲ့စိတ်ကလေးကိုလည်း ဘာဆိုပြန်သတုံး. . . (ငါနံတယ်)စားပြန်တဲ့စိတ်ကလေးကော (ငါစားတယ်)ယားယံတဲ့စိတ်ကလေးကော (ငါယားတယ်)ကြံစည်ပြန်တော့ကော (ငါကြံစည်တယ်) ဟော. . . ခင်ဗျားတို့တွေ့ရာကောက်ပြီး မျိုတာပဲ (မှန်ပါ့)။

ဘယ်နှယ့်ဆိုကြပါမလဲ (တွေ့ရာကို ကောက်မျိုပါတယ်) အဲဒါကို အမေမိဘလုပ်တဲ့ ပုဂ္ဂိုလ်က ဘယ်လက်ကလေးနဲ့ ဒီကလေးကိုပွေ့၊ ညာဘက်လက်ညှိုးနဲ့ လက်မနဲ့ကွေးကောက်ပြီး ဒီကလေးကို၊သူ့ဒုတ်ချောင်းကလေးမျိုနေတာကို ငိုချင်ငိုပါစေ ဆွဲထုတ်ရတယ် (မှန်ပါ) သူများတွေ မကြိုက်ကြိုက်ဒီဥစ္စာ ဆွဲထုတ်ရမယ် (မှန်ပါ) ခင်ဗျားတို့က ဒီဥစ္စာကို ငါစွဲ - စွဲနေတာပဲ ဦးခင်မောင် (မှန်ပါ) အဲဒီတော့ လူကြီးတွေလား ကလေးတွေလားလို့မေးရင် ဘယ့်နှယ်ဆိုကြမလဲ . . . (ကလေးတွေလိုပါပဲဘုရား) ကလေးတွေလိုဖြစ်ပြီးသကာလ နေကြတော့ ခင်ဗျားတို့အိမ်မှာ ဘာလုပ်နေကြသတုံးဆိုတော့ ခုနင်ကပြောတဲ့ ဒုတ်ချောင်းတို့ မန်ကျည်းစေ့တို့ မျိုနေတယ် (မှန်ပါ)ဘာ

ဖြစ်လို့မျိုသတုံး . . . လေးဘက်သွားကလေးမို့ (မှန်ပါ)။

## ငိုချင်ငိုပါစေ ဆွဲသာထုတ်ပါတဲ့

ဘာဖြစ်လို့မျိုသတုံး . . . (လေးဘက်သွားကလေးမို့ပါ) အဲ. . . ကိုယ့်အခြေအနေက ဒါလောက်ပဲရှိပြီးသကာလနေ တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီလိုနေလို့ရှိရင် ကလေးကလေးကိုဘယ်ဘက်နဲ့ပွေ့ပြီးသကာလ၊ ညာဘက် လက်ညှိုးနဲ့ လက်မကောက်ပြီးသကာလ သူ့ပါးစပ်ထဲရှိတာကို ဆွဲထုတ်ပါ တဲ့။ ငိုချင်ငိုပစေ ဆွဲသာထုတ်တဲ့ (မှန်ပါ) ဒီမှာလည်း အခုဘုန်းကြီးတို့ တရားဟောနေတာဟာ ဆွဲထုတ်နေတာပဲ (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ခင်ဗျားတို့က ဘာနဲ့ တူသတုံး (ကလေးနဲ့တူပါတယ်) ကလေးမှ ဘယ်နှစ်ဘက်သွားနဲ့တူသတုံး . . . (လေးဘက်သွား နဲ့တူပါတယ်) အဲ . . . လေးဘက်သွားနဲ့တူနေတာကို ဦးခင် မောင်တို့ ဒကာဝတို့ ဆွဲထုတ်နေရတယ်(မှန်ပါဘုရား) မြင်တာကို ငါလုပ်ပြီး မျိုချလိုက်တာပဲ (မှန်ပါ) ကြားတာကော (ငါလုပ်မျိုချ ပါတယ်ဘုရား) ဒိဋ္ဌိနဲ့ မျိုချနေတာပဲ (မှန်ပါ).ဦးခင်မောင်ပေါ် ပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒါတွေကို ဆရာသမားတွေကမှ ဆွဲငင်ထုတ်ပြီးသ ကာလ၊ ဒိဋ္ဌိနဲ့မျိုချလိုက်တော့ တဏှာဥပါဒါန်ကံ၊ ဟိုဘက်ဇာတိ

ဆိုတော့ ချောက်ကျသွားပြီဗျ (မှန်ပါ) မကျသေးဘူးလား . . . (ကျပါပြီ ဘုရား) ဒါကြောင့် ဦးခင်မောင်တို့ ဒကာဝတို့ မဖြုတ်ရင် ဖြစ်ပါ့မလား. . . (မဖြစ်ပါဘူးဘုရား)။ ဒါကြောင့် အရေးတကြီး ဖြုတ်ပါဆိုတာ ဒကာ ဒကာမတွေ လေးစားစွာနဲ့ သတိပေး လိုက်ပါတယ် (မှန်ပါဘုရား)။

## အပါယ်လေးပါးကျစရာမရှိ

ကိုင်း. . . ဒါဖြင့် ဒါဟာ ဒီစကားစပ်မိလို့ပြောလိုက်တော့၊ လူဟာ လူ့သဃောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလား . . . (မရနိုင်ပါဘူးဘုရား) ဒါဖြင့် ဝိပဿနာ အလုပ်လုပ်နေတယ်။ ဘယ်နှယ့်ဆိုကြမလဲ . . . (ရနိုင်ပါတယ်) အလုပ်လုပ်နေတော့ သံယောဇဉ်ကရှိသေးရဲ့လား . . . (မရှိပါဘူး) မရှိတော့ ဘာဖြစ်ရမတုံး . . . (ရပါတယ်ဘုရား)ရနိုင်တာပေါ့။ အလုပ်လုပ်လို့ ဒကာဒကာမ တို့ဉာဏ်တွေသာ တက်သွားပါစေ ယထာဘူတဉာဏ် တော်တော်ကြာ အလုပ်လုပ်ပါများတော့ ဦးခင်မောင် နိဗ္ဗိန္ဒဉာဏ် (မှန်ပါ) နောင်အလုပ်လုပ်ပါများ လာတော့ မဂ်ဉာဏ် . . . (မှန်ပါ) မဂ်ဉာဏ်ကျတော့ ဒကာ ဒကာမတွေ သူနဲ့ပတ်သက်တဲ့ ဒိဋ္ဌိဒိဋ္ဌိပါဒါန် သူနဲ့ပတ်သက်တဲ့ ကံတွေဘာဖြစ်သွားသတုံး . . . (ချုပ်သွားပါတယ်ဘုရား) အကုန်ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်) ကဲ. . .

အပါယ်လေးပါးကျစရာရှိသေးရဲ့လား . . (မရှိပါဘူး) သောတာပန်တည်ပေါ့လို့ . . . (မှန်ပါ)ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သံယောဇဉ်စွန့်မစွန့်ဆိုတာက ကလေးပွေ့ထားတာကို ဆိုတာမဟုတ်ပါဘူး။ ဝမ်းထဲကနေပြီး ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်အောင် လုပ်နေရင်ပြီးတာပဲ (မှန်ပါ)။

## ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင် လုပ်ပါ

သေသေချာချာမှတ်ပါ။ ဒီစကားသိပ်အရေးကြီးပါတယ် ဘာနဲ့ ဘာကိုက်အောင်လုပ်ရမလဲ . . . (ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်အောင်လုပ်ရပါမယ်ဘုရား)။

အဲ . . . ဖြစ်ပျက်နဲ့ မဂ်ကိုက်နေတော့ ဒကာဒကာမတို့စဉ်းစားကြည့်ပါ၊ ဖြစ်ပျက်က မျက်လုံးထဲမှာပဲထားပါတော့၊ မြင်စိတ် မဂ်ကဝမ်းထဲမှာ ပေါ်နေတယ် (မှန်ပါ) ဒီအချိန်မှာ သံယောဇဉ်ကလည်း သူပေါ်ချင်ရင် ဝမ်းထဲပဲပေါ်ရမယ် (မှန်ပါ) ပေါ်ချိန်ရရဲ့လား . . . (မရပါဘူးဘုရား)

အဲဒါတွေကို သေသေချာချာ အကိုးအကား အထောက်အထားနဲ့ ဒကာ ဒကာမတွေက စိတ်နှစ်ခုပြိုင်ပြီး မဖြစ်နိုင်တာကို ထောက်ထားပြီး သကာလ၊ ဩော်. . . တို့အားငယ်စရာမရှိဘူးဟ။ ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊

လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်- ဒါပဲ ငါတို့အရေးကြီးတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီ) ဖြစ်ချုပ်ဉာဏ်မြင် ဤငါးခင် မှန်ပင်မဂ်ရကြောင်းကို (မှန်ပါ) ညနေအားထုတ် မနက်ရနိုင်တယ်တောင် ဟောလိုက်သေးတယ် ဘုရားက (မှန်ပါ) မနက်အားထုတ်ရင် (ညနေရနိုင်ပါတယ်)။

အဲ ဒါကြောင့် ဒီငါးချက်နဲ့ညီရင် ရနိုင်တယ်ဆိုတော့ ဒကာဝ . . . ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘယ်အချိန်ဆိုတာ ပါလိမ့်ဗျာ. . . (အားထုတ်တဲ့အချိန်ဆိုတာပါ) အဲ . . . အားထုတ်တဲ့ အချိန်မှာဖြင့် လူသံယောဇဉ်ပြတ်ပါစေ . . . (မှန်ပါ) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## ဥဂ္ဂါသေန၊ ရဟန္တာဖြစ်တယ်

နောက်ဒကာ ဒကာမတွေ အားထုတ်တဲ့အချိန် ဘယ်နှယ်ဆိုကြမလဲ. . . (လူသံယောဇဉ်ပြတ်ပါတယ်) လူဟာ လူ့သံယောဇဉ်ပြတ်နေတာပဲ . . . (မှန်ပါ)ဥဂ္ဂါသေနတို့ ဝါးအတောင်ခြောက်ဆယ်မြင့်တဲ့ အပေါ်ကနေပြီး ရဟန္တာဖြစ်တယ် (မှန်ပါ) လူဝတ်ကြောင်ဘဝနဲ့ ကလျက်တီးလျက်၊ မူတ်လျက်တန်းလန်းနဲ့ ဒကာဒကာမတို့၊ ဘုရားက တရားဟောလိုက်တာနဲ့ အတိတ်ခန္ဓာကြီးလည်းစွန့် ပစ္စုပ္ပန်ခန္ဓာလည်း မခင်နဲ့ အနာဂတ်ခန္ဓာ မတောင့်တနဲ့ဆိုပြီး ခန္ဓာတွေကို၊ ဖြစ်ပျက်အရှု ခိုင်းလိုက်တာ

ဦးခင်မောင် အတောင်ခြောက်ဆယ်မြင့်တဲ့ အပေါ်ကနေပြီး ရဟန္တာဖြစ်ရတယ် (မှန်ပါ) ပေါ်ကြပလား . . . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ သူဟာကချေသည်လည်းဖြစ်ပါတယ်။ အောက်ကလည်း ခင်ပွန်းမတွေ အခြွေအရံတွေနဲ့ ဆပ်ကပ်၊ ဇာတ်ပွဲမှ လူငါးရာလောက်ပါတဲ့ပွဲ၊ သူ့ဇာတ်ပွဲက နည်းနည်းနောနော မဟုတ်ဘူး။ အဲဒါတောင် ရသွားတယ်ဆိုတဲ့ဥစ္စာ သေချာပလား . . . (သေချာပါပြီဘုရား)။

## သန္တတိအမတ်ကြီး

သန္တတိအမတ်ကြီးတို့ဟာလည်း ဘယက်တန်းဆာဒွါဒရာတွေနဲ့ တစ်ခါတည်း ဒကာဒကာမတို့၊ ဘုရားဆီသွားပြီး တရားနာရင်းမတ္တာနဲ့ ခန္ဓာဉာဏ်စိုက်တာနဲ့ ရပါတယ်နော် . . . (မှန်ပါ)။ သံယောဇဉ်ကြောင့်ကိုပဲ ဘုရားဆီရောက်သွားတာပဲ။ ဒါတောင် ဘာဖြစ်သွားသတုံး။ (ရသွားပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ စဉ်းစားကြည့်တာပေါ့။ ဩော် . . . သံယောဇဉ်စွန့် မစွန့်ဆိုတာ အလုပ်ခွင် ဝင်, မဝင်ကို ဆိုလိုတာပါကလား . . . (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ . . . (သံယောဇဉ်စွန့်မစွန့်ဆိုတာ အလုပ်ခွင် ဝင်, မဝင်ကို ဆိုတာပါ) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ

ဒကာမတွေဘာလုပ်ကြမယ် . . . (အလုပ်ခွင်ဝင်ရပါမယ် ဘုရား)။

## အလုပ်ခွင်ဝင်ရလိမ့်မယ်

အလုပ်ခွင် ဝင်ရလိမ့်မယ်။ ဆရာဘုန်းကြီးကလည်း အလုပ်ပဲ တိုက်တွန်းနေတာပဲဆိုတော့ အလုပ်မရှိတော့ဘူးဆိုလို့ ရှိရင် ငါ-ငါ့ဥစ္စာ တွေဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်တွေက မတန်းပေဘူးလား . . . (တန်းပါတယ်) အဲ တန်းရင်အပါယ်လေးပါးမှ လွတ်စရာက . . . (မရှိပါဘူးဘုရား) ပေါ်သွားပြီ . . . (ပေါ်ပါပြီ)။

ဒါကြောင့် ဦးခင်မောင်တို့ ဒကာဝတို့ ဒကာသစ်တို့ ကိုမြရွှေတို့ အလွန်အရေးကြီးတယ်နော် . . . (ကြီးပါတယ်) သိထားဖို့ အရေးကြီးတယ်၊ ဘုရားဖြေတော်မူတာက လူဟာ လူ့သံယော ဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပ့်မလားဆိုတော့ မရနိုင်ဘူးလို့ ဆိုတာ၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်ကို ဆိုတာပါ . . . (မှန်ပါ)။

## ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ်

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတွေ အလုပ်မလုပ်ရင်တော့ မတော်တော့ဘူး (မှန်ပါ) အလုပ်ဟာ ဒကာ ဒကာမတို့ သူများအလုပ်လား ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ်လား . . .

(ကိုယ့်ကိုကယ်တင်တဲ့အလုပ်ပါဘုရား). . . ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်ဖြစ်ရင် ဘုန်းကြီးတိုက်တွန်းနေဖို့တောင် လိုသေးသလား . . . (မလိုပါဘူးဘုရား)။ ခင်ဗျားတို့ဟာ ခင်ဗျားတို့ လုပ်သွားဖို့ အရေးကြီးတယ်။ (မှန်ပါ)သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေသည် ဘုန်းကြီးများကတော့ မတိုက်တွန်းဘဲလည်း နေမှာမဟုတ်ပါဘူး ခင်ဗျားတို့ မလုပ်မှာစိုးလို့ . . . တွန်းရသေးတယ် (မှန်ပါ)။

## ပထမပုစ္ဆာ

ဒါဖြင့် ပထမအမေးနဲ့ ပထမပုစ္ဆာအဖြေဖြင့် ဒကာဝကိုက်ပလား . . . (ကိုက်ပါပြီဘုရား) လုပ်မှုရမယ်ဆိုတာကော ဒကာ ဒကာမ တွေသိပလား . . . (သိပါပြီ) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပ့်မလားမေးတော့ မရဘူးလို့ဖြေလိုက်တယ်။ ဒီတော့ စွန့်တဲ့အလုပ်ကို လုပ်ရလိမ့်မယ် (မှန်ပါ) စွန့်တဲ့အလုပ်က ဝိပဿနာရှုရလိမ့်မယ် (မှန်ပါ)။ ဝိပဿနာရှုတဲ့အချိန်ကို ဒကာ ဒကာမတွေ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . . (စွန့်တဲ့အချိန်ပါ ဘုရား)။ လူ့သံယောဇဉ်စွန့်နေတဲ့ အချိန်ပဲ (မှန်ပါ) ကိုယ်ခန္ဓာကြီး မလိုချင်အောင် လုပ်နေတဲ့အချိန်ပဲ (မှန်ပါ) သဘောပါကြဗလား . . . (ပါပါပြီ ဘုရား)။

အဲဒါကြောင့် တရားပွဲတစ်ပွဲလုံး ဒကာဒကာမတို့ ဘာမှအားမငယ်နဲ့ ကိုယ့်အပေါ်ကို မှီနေတယ် (မှန်ပါဘုရား) ဝိပဿနာရှုတဲ့အလုပ်ပဲ အရေးတကြီးလိုတော့တယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါကို အရင်က နာဘူးတဲ့ပုဂ္ဂိုလ်တွေ၊ တရားဟောစကဒီဝတ္ထုထုတ်ပြီးပါပြီး၊သို့သော် ဘယ်နှယ့်ကြောင့် ပြန်ဟောရပါလိမ့် မတုံးဆိုတော့ ပဓာနိယင်္ဂမတရားငါးပါးနဲ့ ပြည့်စုံရင် ရရမယ်ဆိုတော့ ဩော် . . . ဒါဟာ သံယောဇဉ်စွန့်တဲ့ တရားပါလားဆိုတာ ပေါ်လာတယ် (မှန်ပါ)။ မပေါ်လာဘူးလား။ (ပေါ်လာပါတယ်ဘုရား) **ယုံကြည်ကျန်းမာစိတ်ဖြောင့်စွာဖြင့် လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကိုဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင် မှန်ပင်မဂ်ရကြောင်းဆိုတော့**မသေချာဘူးလား. . (သေချာပါတယ်)။

## ဒုတိယပုစ္ဆာ

ကဲ . . . နောက်တစ်ခွန်းကလေးလည်း သူနဲ့ဆက်သွယ်လာတာနဲ့ ဒကာဝတို့ နားထောင်လိုက်ကြပါဦး (မှန်ပါ)။ လူဟာ - လူ့သံယောဇဉ်မစွန့်ပဲနဲ့ နတ်ရွာသုဂတိ ရောက်နိုင်ပါ့မလားတဲ့ . . . ။ ဝစ္ဆကမေးပြန်တယ် (မှန်ပါ)။ လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ နတ်ရွာသုဂတိ ရောက်နိုင်ပါ့မလား မေးလိုက်တော့၊ အရာ, အထောင် မကဘူးရောက်နိုင်တယ် (မှန်ပါ)

သဘော ကျပလား . . . (ကျပါပြီ)။

အရာအထောင်မကပါဘူးတဲ့ နတ်ပြည်ရောက်တဲ့ ပုဂ္ဂိုလ်တွေ . . . ။ သားမယားနဲ့ပဲ ပေးကမ်းလှူဒါန်းပြီး သကာလ ရှင်ပြုတယ်။ ရဟန်းခံပေးတယ်။ ကိုယ့်သားကလေးကို ချီးမြှောက်နေရတယ်ဆိုတဲ့ သံယောဇဉ်ကကော မပါဘူးလား။ (ပါပါတယ်ဘုရား) ခင်တဲ့ပုဂ္ဂိုလ်မို့ပဲ ကြိုးစားပြီးသကာလ၊ အထ မြောက်အောင် လုပ်ရတယ်ဆိုတော့ သံယောဇဉ်နဲ့ ဒါနတွေ လုပ်ရ တာပေါ့ဗျာ (မှန်ပါ)။ သဘောပါကြပလား . . . (ပါပါပြီ)။

## သုဂတိနတ်ပြည်ရောက်နိုင်ပါ့မလား

ဒါဖြင့် ဒကာဒကာမတို့ လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိနတ်ပြည်ရောက်နိုင်ပါ့မလားလို့ ဝစ္ဆကမေးတော့ ဘုရားက ဘယ်နှယ်ဖြေသတုံး . . . (ရောက်နိုင်ပါတယ်ဘုရား) အဲ . . . နတ်ပြည်တော့ ရောက်နိုင်တယ် ဒကာဒကာမတို့၊ သံယောဇဉ် မစွန့်ရင် နိဗ္ဗာန်တော့ မရောက်ဘူးတဲ့ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီနှစ်လုံးဟာ ဒကာဝ အင်မတန်အရေးကြီးလို့ပြောပါတယ်။ (မှန်ပါ) ကဲ . . . ၁ နံပါတ်က၊ ဒကာ ဒကာမတွေ လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ဘာတဲ့တုံး . . . (နိဗ္ဗာန်ရောက်ပါ့မလားတဲ့) ဘုရားက ဘယ့်နှယ်ဖြေသတုံး (မရောက်နိုင်ပါဘူးတဲ့)

အလုပ်လုပ်ရင်တော့ ဘယ်နှယ့်ဆိုမလဲ . . (ရောက်နိုင်ပါတယ်) ရှင်းပြီနော် (မှန်ပါ)။

ကဲ . . . ဒုတိယပုစ္ဆာမေးပြန်တော့ လူဟာ လူ့သံယော ဇဉ် မစွန့်ဘဲနဲ့ သုဂတိနတ်ပြည်ရောက်နိုင်ပါ့မလားဆိုတော့ ဘယ် နှယ့် ဖြေမလဲ (ရောက်နိုင်ပါတယ်)။

ဘာဖြစ်လို့ ရောက်နိုင်သတုံးဆိုတော့ အာသဝါမွှာအန သဝါမွှာဆိုတဲ့အတိုင်း၊ သူက အာသဝ၏အာရုံဖြစ်တဲ့ နတ်ပြည် ရောက်တွေကိုးဗျ (မှန်ပါ) အာသဝက ဒကာဒကာမတို့ နတ်ပြည် လည်း သူ့နယ်ဗျ (မှန်ပါ) အာသဝေါတရားကုန်ရာ ဟုတ်ပါရဲ့ လား . . . (မဟုတ်ပါဘူး) အဲဒါကြောင့် ရောက်နိုင်တယ် (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဒိငါးချက်နဲ့ ကြိုးစားကြပါ

ဒါဖြင့် ဒကာ ဒကာမတို့သကြ်န်နဲ့လည်းနီးတော့ ခင်ဗျားတို့ ဒိငါးချက်နဲ့ ကြိုးစားကြပါ။ (မှန်ပါ) ဒီဟာသာလုပ်လို့ ရှိရင် ဒကာ ဒကာမတို့ သံယောဇဉ်စွန့်ပြီးသား ဖြစ်နေပြီ . . . (မှန်ပါ) မဖြစ်သေးဘူးလား . . . (ဖြစ်ပါပြီ)။

သံယောဇဉ်က စွန့်ပြီးသားဖြစ်နေပြီ၊ ဘုရားကို ယုံ ကြည်တယ်ဆိုတာ ခင်ဗျားတို့ ပင်ကိုက ယုံကြည်ပြီးသား (မှန်ပါ) ကျန်းမာရေးကလည်း ရှိတဲ့ပုဂ္ဂိုလ်မှာ ရှိပြီးသား (မှန်ပါ) စိတ်က

လည်း ဖြောင့်ဖြောင့်ထားပါလို့ ဆရာသမား ဆုံးမထားတဲ့ အတိုင်း လိမ်လည်ကောက်ကျစ်တဲ့ စိတ်မထားကြပါဘူး . . . (မှန်ပါ) လွှန်စွာအားထုတ်ဆိုတော့ ဝီရိယကလေး စိုက်ပေးလိုက် ပါတဲ့။ ဘယ်သူ့အပေါ် စိုက်ရမှာတုံးဆိုတော့ ဖြစ်တာနဲ့ ပျက် တာကလေးကို မြင်အောင်ဂရုစိုက်ပါ။ (မှန်ပါဘုရား) သဘော ကျပလား (ကျပါပြီ) အဲဒီလို မြင်ပြီဆိုမှဖြင့် ဒကာဒကာမတို့မှန် ပင် မဂ်ရကြောင်းဆိုတော့ အမှန်ပင် မဂ်ရနိုင်တဲ့ လမ်းစဉ်ပါပဲ (မှန်ပါ့ဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့သည် ဩော် . . . ဒါဟာ သံယောဇဉ် စွန့်နေတဲ့ အလုပ်ပါကလားလို့ နိဂုံးချုပ်လိုက် . . . (မှန်ပါ)။

ဖြစ်ပျက်လုပ်နေတဲ့ အလုပ်ဟာ ဘာပါလိမ့် (သံယောဇဉ် စွန့်နေတဲ့ အလုပ်ပါဘုရား) သံယောဇဉ်စွန့်နေတဲ့အလုပ် ဖြစ်သောကြောင့် ခုနင်က အင်္ဂါငါးချက်နဲ့ ညီရင်ဖြင့်၊ မဂ်ရနိုင်ပါ တယ်ဆိုတာ သေချာပလား (သေချာပါပြီ) ။

## သုဘဒ်ပရိဗိုဇ်

ဒီအထဲမှာ ကြပ်ကြပ်ယုံကြည်အောင် ဘုန်းကြီးက အကိုး အကားကလေးတစ်ခုထည့်ပေးပါမယ်။ ဆာဝါရဲ့သားဟာ ဦးခင် မောင်မှတ်မိသေးရဲ့လား ဘယ်သူပါလိမ့် . . . သုဘဒ်ပေါ့

(မှန်ပါ)။

သုဘဒ်ပရိဗိုဇ်က ဘုရားပရိနိဗ္ဗာန်စံခါနီးမှာ တင်းတိပ်ကာရံထားတဲ့ အထဲမှာ သွားပြီးမေးတယ်၊ အရှင်ဘုရားမရှိရင် သောတာပန်သကဒါဂါမ် အနာဂါမ်ရဟန္တာတွေများ ကွယ်တော့မှာလား အဓိပ္ပာယ်မျိုးကို မေးလိုက်တယ် (မှန်ပါ) ဘုရားက ဒီလိုဖြေလိုက်တယ်။

ဣမေခ သုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံအသုညော လောကော အသဿ အဟာရဟန္တေဟိ။

## ဘယ်တော့မှ ရဟန္တာမဆိတ်သုဉ်းပါဘူး

ဘယ်တော့မှ ရဟန္တာ မဆိတ်သုဉ်းပါဘူး ဒီအတိုင်းသာ ကောင်းမွန်စွာ ကျင့်နေစမ်းပါတဲ့ (မှန်ပါ) သဘောကျလား . . . (ကျပါပြီ) ဒီအတိုင်းသာ ကျင့်နေလို့ရှိရင် ပဓာနိယင်္ဂမနဲ့သာ ကျင့်နေရင် ဘာတဲ့တုံး . . . (ရဟန္တာမဆိတ်သုဉ်းပါဘူး) ဒါဖြင့် ခင်ဗျားတို့လည်း လုပ်ရင်ရမှာပေါ့။ ဒီဘဝမရရင်နောက်ဘဝမှာ ပေါ့။ ကြိုးစားမှုမလျှော့နဲ့ . . . (မှန်ပါ)။ ဒီဘဝရထိုက်လို့ရှိရင် လည်း ရမှာပဲ။ ဒါကတော့ ခင်ဗျားတို့အပေါ်မှာ မှီတယ် . . . (မှန်ပါ့)။ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သုဘဒ်ပရိဗိုဇ်ကမေးလို့ ဘုရားဖြေတော်မူတာကလည်း ဘယ်အခါမှ သောတာပန် သကဒါဂါမ်

အနှာဂါမိရဟန္တာ မဆိတ်သုဉ်းဘူးဆိုတာကော ကျေနပ်ပလား . . . (ကျေနပ် ပါပြီ)။

## ဘာဖြစ်လို့ ဆိတ်နေသတုံး

ဒါဖြင့် ဘာဖြစ်လို့ဆိတ်နေသတုံးဘုရားလို့ မေးလို့ရှိရင် အို . . မလုပ်တဲ့သူတွေရှိနေလို့ ဆိတ်တယ်လို့ပြောရုံပဲရှိတယ် (မှန်ပါ့)။ ဒီပြင်ဘာအဖြေထွက်စရာရှိသေးသလား . . . (မရှိပါဘူး) ပေါ်ကြပလား . . . (ပေါ်ပါပြီ) ကဲဒါဖြင့်လုပ်ပေ့ါဗျာ (မှန်ပါ့)။

ကိုင်း ဒီဥစ္စာက ရှေ့ပိုင်းတရား ဦးခင်မောင် . . . (မှန်ပါ့)။ ဒါဖြင့် ဆပ္ပါဏကောပမသုတ်ကိုပြောကြည့်တော့ (မှန်ပါ့)။

ပိုးကောင်ဘယ်နှစ်ကောင်တဲ့ (ခြောက်ကောင်ပါဘုရား) ပိုးကောင်ခြောက်ကောင်။ ဒါကသဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်မှာ လာတယ် (မှန်ပါ့)။

## (၁) မျက်လုံးကမြွေနဲ့တူတယ်

ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကပိုးကောင်က တခြားဟုတ်ပါ ရိုးလားမြွေဆိုတဲ့။ မျက်လုံးကဘာနဲ့တူသတုံး . . . (မြွေနဲ့တူပါတယ်ဘုရား)မှတ်ထား၊ ဒကာ ဒကာမတို့မျက်လုံးကမြွေနဲ့တူတယ်ဆိုတာ မှတ်ထားပါ (မှန်ပါ)။ မြွေဆိုတာက အရှုပ်ကြိုက်

(မှန်ပါ)။ ဒကာ ဒကာမတွေ ပန်းချီများရေးထားတော့ တစ်ကြောင်းတည်းဆွဲထားတာ ကြည့်ချင်သလား ပန်းလက်ပန်းခက်တွေ ဝေဆာနေအောင်ရေးသားထားတာကြည့်ချင်သလား . . . (ဝေဆာအောင် ရေးထားတာကြည့်ချင်တာပါ)။

ဒါဖြင့် ပန်းလက်ပန်းခက်တွေ ရေထားတာမှ ကြည့်ချင်တယ်ဆိုရင် မျက်လုံးအရုပ်ကြိုက်ပေါ့ (မှန်ပါ) မသေချာဘူးလား . . . (သေချာပါတယ်)။

ဒါကြောင့် ဘုရားက မျက်လုံးဟာမြှေနဲ့တူတယ်လို့ ဟောတာ မမှန်ဘူးလား . . . (မှန်ပါတယ်ဘုရား) ဒီမြွေကိုမနိုင်လို့ရှိရင် အရုပ်ထဲပြေးလိမ့်မယ် (မှန်ပါ) အရုပ်ထဲပြေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ မျက်လုံးကို မနိုင်တာနဲ့ အရုပ်ထဲပြေးလို့ရှိရင် လူ့ပါအရုပ်ထဲ ရောက်ရချေရဲ့ (မှန်ပါ) မရောက်ပေဘူးလား . . . (ရောက်ပါတယ်)။

အေး . . . ဒါကြောင့် ဒကာ ဒကာမတို့ မျက်လုံးဟာ မြွေနဲ့ တူတယ်ဆိုတဲ့ ဥစ္စာလည်းမှတ်မိပြီ။ ဒီဒကာ ဒကာမတွေကလည်း ပုထုဇဉ်တွေဖြစ်ပြီးသကာလနေတော့၊ ဒီမျက်လုံးဟာ ဒကာဒကာမတို့သန္တာန်မှာရှိကြတော့ မျက်လုံးဖွင့်ကြည့်တဲ့ အခါလည်း ပါသွားတာပဲ (မှန်ပါ) မပါဘူးလား (ပါပါတယ်)ဒီမျက်လုံးကလေးလည်း ဒကာ ဒကာမတွေက တဏှာတည်းဟူသောကြိုးနဲ့ ခင်မနေဘူးလား . . . (ခင်နေပါတယ်) ကျုပ်တို့

အဝတ်တို့ဘာတို့ချုပ်နေရတယ် အမျိုးမျိုးအဖုံဖုံလုပ်နေရတာ၊ ကိုယ့်မျက်လုံးကလေးကိုယ် အားကိုးနေရတယ်။ ကိုယ့်မျက်လုံးကလေးပဲ စောင့်ရှောက်နေရတယ်။ မျက်လုံးက လေးနဲ့ တဏှာနဲ့ တန်းမနေဘူးလား . . . (တန်းနေပါတယ် ဘုရား)။

ကောင်းပြီဒါဖြင့် တဏှာတန်းကတည်းက အဝိဇ္ဇာက နောက်ကမသိအောင်လုပ်ထားပြီ (မှန်ပါ) ဒါဖြင့်မျက်လုံး နောက်က ကြီးသည်တဏှာ ။ အထုံးသည် အဝိဇ္ဇာ (မှန်ပါ)။

ကြီးသည် (တဏှာပါ) အထုံးသည် . . . (အဝိဇ္ဇာပါဘု ရား) သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

## (၂) နားကမိချောင်းနဲ့တူတယ်

ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုတိယသား ကောင်ကတော့ ဘာတဲ့(မိကျောင်းပါဘုရား) မိကျောင်းကတော့ ဒကာဒကာမတို့ မျက်လုံးမှတ်ပြီးသကာလ၊ သူကတော့ အေးအေး ချမ်းချမ်း နေချင်တယ်နော် (မှန်ပါ)။

ဒကာဒကာမတွေ နားကလေးစွင့်ပြီးသကာလနေတဲ့ အခါကျတော့ ခပ်အေးအေးကလေး နေတဲ့နေရာ မနေချင် ဘူးလား . . . (နေချင်ပါတယ်) နားစွင့်ပြီးသကာလ ဟိုကဘာ သံပါလိမ့်မတုံး . . . ဟိုနားသွားချင်သေးတယ်ဆိုပြီးသကာလ၊ နားစွင့်ပြီးသကာလ နေတဲ့အခါများလည်း မကြားရပါဘူး။

ဟိုနားသွားဦးမယ်ဆိုပြီး နားကလေးများကော မပါဘူးလား . . . (ပါပါတယ်)။

မိကျောင်းလိုပဲ နားကလည်း ခပ်အေးအေးကြိုက်တယ်။ ကျုပ်က နားဆူတာမကြိုက်ဘူး . . . တဲ့ (မှန်ပါ)။

ဦးခင်မောင်တို့ ဘာကြိုက်သတုံး . . . (နားအေးအေး ကြိုက်ပါတယ်ဘုရား)အဲဒါကြောင့်သူက မိကျောင်းနဲ့တူတယ် ဒကာ ဒကာမတို့ ရေကြိုက် အအေးကြိုက်ပေ့ါဗျာ။ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## (၃) နှာခေါင်းက ငှက်နဲ့တူတယ်

ကောင်းပြီ ၃-နံပါတ်ကဘာနဲ့ပါလိမ့် (ငှက်ပါဘုရား) နှာခေါင်းက ဘာနဲ့တူပါလိမ့် (ငှက်နဲ့တူပါတယ်ဘုရား)။

နှာခေါင်းဆိုတာ ဒကာဒကာမတို့ အောက်စိုက်ပြီးရှုချင်သလား ပွင့်ပွင့်လင်းလင်းလေး အပေါ်မော့ပြီး ရှုချင်တာလား . . . (အပေါ်မော့ပြီး ရှုချင်ပါတယ်ဘုရား) အဲဒီတော့ သူသည်ကားလို့ဆိုရင်ငှက်နဲ့တူတယ်တဲ့၊ အပေါ်ကိုသာ သွားချင်တာပဲ ဦးခင်မောင်ရေ အောက်ကိုမသွားချင်ဘူး (မှန်ပါ) သဘောပါပလား . . . (ပါပါပြီ ဘုရား)။

# (၄) လျှာက အိမ်ခွေးနဲ့တူတယ်

ကိုင်းတစ်ခါသွားပါဦး ဒကာဒကာမတို့ ၄-နံပါတ်ကဘာနဲ့တူသတုံး. . . (အိမ်ခွေးနဲ့တူပါတယ်)။ အိမ်ခွေးနဲ့တူတယ်ဆိုတာ လျှာပဲဒကာဒကာမတို့ (မှန်ပါ) ဒီလျှာကတော့ ဒကာဒကာမတို့ မီးဖိုချောင်သာပြေးချင်တယ်။

ဘယ်များပြေးချင်သတုံး . . . (မီးဖိုချောင်ပြေးချင်ပါတယ်) အဲဒါကြောင့် အိမ်ခွေးသည် ဒကာဒကာမတို့ဘယ်နေရာမောင်းမောင်း မီးဖိုချောင်ကိုသာ လှည့်ဝင်တာပဲ . . . (မှန်ပါ) မောင်းထုတ်လိုက်မီးဖိုချောင်လှည့်ဝင်လိုက်၊ မောင်းထုတ်လိုက် မီးဖိုချောင် လှည့်ဝင်လိုက်။ စားစရာကလည်း အဲဒီမှာရှိတယ်၊ ပြာပုံကလည်း အဲဒီမှာရှိတယ် ပြာပုံလည်းကြိုက်၊ စားစရာလည်းကြိုက်ကိုး (မှန်ပါ) သဘောကျကြပြီလား . . . (ကျပါပြီဘုရား)

ဒါကြောင့်လျှာသည် ဒကာဒကာမတို့ဘာနဲ့ တူပါလိမ့် (အိမ်ခွေးနဲ့တူပါတယ်ဘုရား) ဒါလည်း ဒကာဒကာမတွေ့ကင့်ါလျှာပဲ သူကအရသာရှိလို့ ကျုပ်မှာစားနိုင်သောက်နိုင်တယ် ဒါကြောင့်အခု ကျန်းမာရေးကလေး ပြည့်စုံနေတယ်။ ဒါကြောင့် ဒီသား ဒီသမီးနဲ့ ဒီထမင်းအိုးကြီး ချီနိုင်တာပေါ့။ သူကိုလည်း ခင်လျက်ပဲလားခင်ဗျားတို့က . . . (ခင်ပါတယ်ဘုရား) လျှာကလေးကိုလည်း ခင်လျက်ပဲနော်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ဒါလည်း ခင်လျက်ပဲဆိုတော့ ကြိုး ဘယ်နှစ်ချောင်းရှိသွားပလဲ . . . (လေးချောင်းရှိသွားပါပြီ ဘုရား)။

## (၅) ကိုယ်ကတောခွေးနဲ့တူတယ်

ကိုင်းတစ်ခါ ၅-နံပါတ်ကတော့ ဒကာဒကာမတို့ဘာတဲ့ . . . (တောခွေးပါဘုရား) တောခွေးဆိုတာက ဒကာဒကာမတို့ လူကိုလည်း အင်မတန်ကြောက်တယ်နော် (မှန်ပါ) သုသာန်မှာ လူသားတွေဖော်စားပြီးသကာလ၊ တောထဲမှာတစ်နေ့လုံး အိပ်ချင်တဲ့ သတ္တဝါရှိတယ် (မှန်ပါ)။

အဲဒီအတိုင်းပဲဒကာဒကာမတို့ ခန္ဓာကိုယ်ကြီးမှာ ကိုယ် ပေါက်ကတော့ ကိုယ်ပေါ်မှာပေါ်တဲ့ တရားတွေကတော့ အိပ် ချင်တယ် လှဲချင်တယ် လျောင်းချင်တယ် ဦးခင်မောင် . . . (မှန်လှ ပါ)။

ဦးဇံရင်ကိုယ်က ဘာလုပ်ချင်ပါလိမ့် (အိပ်ချင်ပါတယ် ဘုရား) အမိုကလေးများ မရှိဘူးလားဗျာ . . . ခင်ဗျားတို့အိမ်မှာ နောက်မှီကုလားထိုင်ကလေးများ မရှိဘူးလား . . . ထိုင်စရာ ကလေးများမရှိဘူး လား။ (မှန်ပါ) တရားနာတဲ့အခါ ဒကာ ဒကာမတွေကြည့်စမ်းပါလား . . . အချို့ထိုင်စရာကလေးတွေ ယူလာကြတယ်။ ဘယ့်နှယ့်ကြောင့် ယူလာကြတာတုံးဆိုတော့

တောခွေးအလုပ်လေ . . . (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဘာလုပ်ကြတာပါလိမ့် (တောခွေးအလုပ်ပါဘုရား) တော ခွေးအလုပ်ဆိုတာကထိုင်ဖို့ နည်းနည်းကလေးညောင်းတော့ လှဲဖို့ပေါ့၊ ဒီထက်ညောင်းလာရင်မှီဖို့ . . . (မှန်ပါဘုရား) ဒီထက်တာ ရှည်လာရင်အိပ်ဖို့ . . . (မှန်ပါ) သူကလည်း ဒကာဒကာမတို့ တောခွေးတောပျော်နေ ် . . . (မှန်ပါ)။

အဲဒါကိုလည်း ခင်ဗျားတို့က ကျုပ်ကျန်းမာရေးကလေး ဂရုစိုက်နေရတယ်၊ ဒီလိုမအိပ်ရမနေရလို့ရှိရင် ကိုယ့်မှာဘယ့်နှယ့် လုပ်မလဲ အခက်ကြီးပေါ့ဆိုပြီး အိပ်ဖို့ကိုပဲ ဒကာဒကာတွေက ခင်ကြမင်ကြ ကြင်နာကြ ဆိုတာကော သဘောကျပလား . . . (ကျပါပြီ)။

## (၆) စိတ်ကမျောက်နဲ့တူတယ်

ကိုင်း . . . ၆-' နံပါတ်ပြောကြစမ်းပါဦး (မျောက်ပါဘုရား) မျောက်ဆိုတာက ဒကာဒကာမတို့ဘယ်တော့မှ အောက် လွတ်လို့ မရဘူး(မှန်ပါ) မြင့်မြင့်တက်ချင်သလား နိမ့်နိမ့်တက်ချင် သလား. . . (မြင့်မြင့်တက်ချင်ပါတယ်) မြင့်မြင့်တက်ပြီးတော့ သူဘာလုပ်ချင်သတုံးမေးတော့၊ ဟိုမျှော်ဒီမျှော် မျှော်ချင်တာ (မှန်ပါ) သဘောပါကြပလား . . . (ပါပါပြီ)။

ခင်ဗျားတို့ မနောစိတ်ကလည်း ဒီနားတွင်မနေဘူး . . . ရန်ကုန်ကသားတွေ ဘယ့်နှယ့်နေပါလိမ့်၊ ရန်ကုန်အရောင်းအဝယ်တွေ ဘယ်လိုနေပါလိမ့်မတုံး။ ဟိုမှာသားကြီး၊ သားလတ်တွေဆီမှာ ဘယ်လိုနေပါလိမ့်မတုံး။ ဟိုမှာသားကြီး၊ သားလတ်တွေဆီမှာ ဘယ်လိုနေပါလိမ့်မတုံး . . . အဲဒီမှာများကုန်ဈေးနှုန်း ဘယ်လိုနေပါလိမ့်မတုံး . . . အစရှိသည်နဲ့ အဝေးချည်းမျှော်ချင်နေတယ် (မှန်ပါ)။

မနောပေါက်ကဘယ်မျှော်ပါလိမ့် (အဝေးချည့်မျှော်ပါတယ် ဘုရား)အဝေးချည့်မျှော်တာ ထောက်လိုက်တော့မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာမျောက်နဲ့တူတဲ့ စိတ်ပဲဆိုတာ ပေါ်လာတော့တယ် (မှန်ပါဘုရား)။

## ခင်သော ပုဂ္ဂိုလ်၏ ပစ္စည်း

ဒါတွေဟာငါ့ဟာချည့်ပဲ ဆိုရင်ကောလွဲသလား . . . (မလွဲပါဘူး) ခင်သောပုဂ္ဂိုလ်၏ ပစ္စည်းချည့်ပဲဆိုရင်ကော လွဲပါ့မလား . . . (မလွဲပါဘူးဘုရား)။

ကိုင်း . . . ဒါဖြင့် ခင်သောပုဂ္ဂိုလ်က ကြိုးဘယ်နှစ်ချောင်း နဲ့တွဲနေရသတုံး(ခြောက်ချောင်းပါဘုရား) ကြိုးခြောက်ချောင်းနဲ့တွဲ ကိုင်နေရတယ်(မှန်ပါ)။

ဒါကိုခင်ဗျားတို့တည့်အောင်ကော ကျောင်းနိုင်ပါ့မလား . . . (မကျောင်းနိုင်ပါဘူးဘုရား) သူတို့နောက်ကိုချည်း လိုက်နေရမယ်ဆိုလို့ရှိရင်လည်း၊ ခင်ဗျားတို့ တောင်ပို့ထဲလည်း သေစရာ အကြောင်းရှိတယ် (မှန်ပါ့) အင်းအိုင်ထဲကော (သေစရာအကြောင်းရှိပါတယ်) ကောင်းကင်မှာကော (သေစရာ အကြောင်းရှိပါတယ်)၊ မီးဖိုချောင်မှာကော (သေစရာအကြောင်း ရှိပါတယ်)၊ တောထဲမှာကော (သေစရာအကြောင်းရှိပါတယ်)၊ အမြင့်မှာကော(သေစရာအကြောင်းရှိပါတယ်)။

## တစ်ယောက်တည်းနှင့် ခြောက်ကြိုးကိုင်ထားတယ်

ဩော် . . . ဒကာဒကာမတို့ မတည့်တဲ့ခြောက်ကောင်ကို ခင်ဗျားတို့ကျောင်းတဲ့အလုပ်လုပ်နေရပါတယ် . . . (မှန်ပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါက တရားနာနေတဲ့ ဒကာဒကာမတွေ အခုနောက်က ဟာက၊ ကြိုးကိုင်ထားရတာက တစ်ယောက်တည်းကနေပြီး ခြောက်ကြိုးကိုင်ထားရတယ် (မှန်ပါ) အဝိဇ္ဇာအထုံကြီးနဲ့ တဏှာကြိုးကြီးနဲ့ ဒကာ ဒကာမတွေကိုင်ပြီးတော့ထားကြပါတယ် (မှန်ပါ)။

ဒါဖြင့် ဒီဒကာဒကာမတွေကို ယနေ့ဖြင့်ရှင်းရှင်းလင်းလင်းပဲပြောရတယ် ဩော် . . . ဒီဒကာ ဒကာမတွေ အိမ်ရှိ

လျက်နဲ့ အိမ်မနေတာလဲ ဘာကြောင့်ပါလိမ့် . . . ဆွဲလို့ဘုရား . . . ဒီကောင် ခြောက်ကောင်ထဲက တစ်ကောင်ကောင်က ဆွဲပြီး . . . (မှန်ပါ) ထမင်းစားဖို့ အရှာထွက်ရတယ်ဘုရား။

ဒကာဒကာမတို့ အိမ်ကထွက်တာ ဘာလုပ်ကြတာတုံး . . . (ထမင်းစားဖို့ အရှာထွက်ကြတာပါဘုရား)။

## ထမင်းစားဖို့ အရှာထွက်တယ်ဆိုတာ

ထမင်းစားဖို့ အရှာထွက်ရတယ်ဆိုတော့ ဒကာဒကာမတွေ ဘယ်အကောင်က ဆွဲသွားတယ်ဆိုတာခင်ဗျားတို့ စဉ်းစားကြည့် . . . (အိမ်ခွေးကဆွဲသွားပါတယ်ဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) အိမ်ခွေးကဆွဲသွားတဲ့ အခါကျတော့ ကဲ-ထမင်းစားဖို့ဆွဲသွားတာတော့ဆွဲပါစေတော့ ဒကာဝ . . .။ ထမင်းစားပြီးသကာလ ဒီအတိုင်းနေချင်သလား အိပ်ချင်သလား . . . (အိပ်ချင်ပါတယ်ဘုရား) ဘယ်ခွေးကဆွဲသွားပြန်သတုံး . . . (တောခွေးက ဆွဲသွားပြန်ပါတယ်)။

ဦးခင်မောင် . . . အိမ်ခွေးကဆွဲလိုက်၊ တောခွေးကဆွဲလိုက် နဲ့ပါလား (မှန်ပါ)။

ဩော် . . . သားကလေး သမီးကလေးလည်း မမြင်ရတာကြာပြီ . . . တဲ့။ ဆွဲပြန်ပြီ။ (မှန်ပါ) ဘယ်သူကဆွဲပြန်သတုံး . . . (မြွေကဆွဲပါတယ်) ပဋ္ဌမမြင်ချင်တဲ့ မျက်လုံးကဆွဲတာ၊

မြွေကဆွဲတာလို့မှတ်ပါ (မှန်ပါ)။

## မိချောင်းကဆွဲပြန်တယ်

ဒကာ ဒကာမတို့ သူတို့အသံကလေးမကြားရသေးပါဘူး၊ နေကောင်းတဲ့အသံလား နေမကောင်းတဲ့အသံလားဆိုတာ မစုံစမ်းဘူးလား စုံစမ်းသလား . . . (စုံစမ်းပါတယ်) အဲဒါကျတော့ မိကျောင်းက ဆွဲပြန်တယ် (မှန်ပါ)။

ကိုင်း သူတို့အတွက်နဲ့ မောလှပြီ ပက်လက်ကလေးများ လှန်ပြီး အသက်ကလေး မှန်မှန်ရှူပါဦးမယ် . . . လာလိုက်တဲ့ ဖြစ်ခြင်း။ (မှန်ပါ) ဘယ်ကများဆွဲပြန်သတုံး . . . (ငှက်ကဆွဲပါတယ်)။

ဒီလိုနေလို့ မဖြစ်သေးဘူးလေ ထမင်းစားချိန်ရောက်လည်း ထမင်းစားဦးမှပဲဆိုတော့ ဘယ်ကဆွဲလိုက်သတုံး . . . (အိမ်ခွေးကဆွဲပါတယ်) ထမင်းစားငိုက်ငိုက်လာတယ် ဒကာ ဒကာမတို့ . . . (တောခွေးကဆွဲပါတယ်)။

## မျောက်ကဆွဲသွားပြန်တယ်

သြော် . . . ဒီလိုထိနမိဒ္ဓများလို့တော့ ဘယ်မှာစီးပွားရေး ဖြစ်နိုင်လိမ့်မတုံး . . . လူဆိုတာအကြံမရှိရင် အင်မတန်ခက်တယ် ကြံဦးစည်ဦးမှပဲဆိုပြီး မအိပ်နိုင်ဘူး ဒကာဒကာမတို့

. . . ဘာလုပ် ပြန်သတုံး . . . (မျောက်အလုပ်လုပ်ရပါတယ်) မျောက်ကဆွဲသွားပြန်ပြီ . . . (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတွေ ဒါကြောင့်ခင်ဗျားတို့ ဘယ်နှယ့်နေသတုံး အားလပ်ခွင့်ကလေးများ ရကြရဲ့လားလို့မေးတော့ (မရပါဘူးဘုရား) မအားပါဘူးဘုရား။ မအားတဲ့အထဲကပဲဒီလိုပဲနေလိုက်ရ တော့တာပဲ (မှန်ပါ) မအားတဲ့အထဲ ဒီလိုနေရုံ ရှိတော့တာပေါ့ ဒီခြောက်ကောင်အလို ကိုလိုက်နေရတာ (မှန်ပါ)။

ဦးဇင်းရင် . . . အားရဲ့လား (မအားပါဘူးဘုရား) ဘာဖြစ်လို့ မအားတာတုံး . . . (ခြောက်ကောင်အကြိုက်ကို လိုက်နေရလို့ပါ ဘုရား)။

ဒကာဒကာမတို့ခြောက်ကောင်စလုံးကပဲ ပြိုင်ဆွဲသလား . . . (တစ်ကောင်ကောင်က အားသန်သန်နဲ့ဆွဲပါတယ်) တစ်ကောင်ကောင်က အားသန်သန်နဲ့ ဆွဲတယ်ဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ခင်ဗျားတို့အတွက်မှာဖြင့်ကျောင်းရတာဏခြောက်ကောင်၊ အားသန်တဲ့အကောင်ကဆွဲပြန်တော့ ဟိုကောင်တွေကလည်း သူဆွဲတဲ့ဆီသာလိုက်တယ် ငါဆွဲတဲ့ ဆီမလိုက်ဘူးဆိုပြီး၊ ဟိုကောင်တွေကလည်းအရွဲ့တိုက်ဦးမယ် (မှန်ပါ)။မတိုက်ပေဘူးလား. . . (တိုက်ပါတယ်ဘုရား)အရွဲ့တိုက်

တော့ ဟိုကောင်တွေနောက်ကောမလိုက်ရပေဘူးလား . . . (လိုက်ရပါတယ်ဘုရား)။

## အိပ်ချိန်ကောရှိသေးရဲ့လား

အဲဒါကြောင့် ဒကာ ဒကာမတို့ အိပ်ချိန်များရှိသေး ရဲ့လား . . . (မရှိပါဘူး) စားချိန်ကောကောင်းကောင်းရှိရဲ့လား. . . (မရှိပါဘူးဘုရား) စားချိန်လည်းကောင်းကောင်း မရှိဘူး၊ ထမင်းကလေးမှ မြိန်မြိန်ရှက်ရှက်ကောင်းကောင်းစား လို့ ရကြရဲ့လား. . . (မရပါဘူး) ထမင်းကလေးဘယ်မှာ မြိန်မြိန်ရှက်ရှက်စားလို့ရပ့ါမလဲ၊ ဟိုဟာကလေးက ငိုချင်လိုက်တဲ့အခါကျတော့ ထမင်းပွဲချပြီးပြေးရတာ. . . (မှန်ပါ) ဘယ်ဘက်ချည့် ပြေးရပြန်သလဲ ဒကာ ဒကာမတို့ . . . (မိကျောင်းဆွဲရာပြေးရ ပါတယ်။)။

ကလေးကလေးချော့ကာမော့ကာနဲ့ ဘာမှမဖြစ်ပါ ဘူးလေ ဟန်ရပါတယ်ဆိုပြီး ပြန်ပြီးသကာလ၊ ဒီနေရာတွင်ပဲ နေရောတဲ့ လား. . . (မနေရပါဘူး) ထမင်းစားပွဲပြန်ရ တယ်. . . (မှန်ပါ) သဘောပါကြပလား. . . (ပါပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ခင်ဗျားတို့ဟာ တစ်နေရာတည်းနေလို့ဖြစ်ကြရဲ့လား. . . (မဖြစ်ပါဘူး) အဲဒါကြောင့် ဒကာ ဒကာမတို့ ပုထုဇဉ်ကိုနှိပ်စက်နေတဲ့သားကောင် ခြောက်ကောင်ဆိုတာ ပေါ် ပလား . . . (ပေါ်ပါပြီ)။ ဒါဖြင့် ဒုက္ခပေးလေသမျှ သားကောင်

ခြောက်ကောင်က . . . (မှန်ပါ) သဘောပါကြပလား . . . (မှန်ပါ)။

## ကိန်းရာပုဂ္ဂိုလ်ကို နှိပ်စက်တယ်

ဒါဖြင့် ဒုက္ခသပိဋ္ဌနဋ္ဌောဆိုတဲ့ မြင်စိတ်လည်းနှိပ်စက်တာပဲ (မှန်ပါ) ကိန်းရာပုဂ္ဂိုလ်ကို နှိပ်စက်ပါတယ် (မှန်ပါ့) ကြားတဲ့စိတ်ကကော . . . (နှိပ်စက်ပါတယ်) မိကျောင်းကလည်း နှိပ်စက်တာပဲ။ ငှက်ကကော . . . (နှိပ်စက်ပါတယ်) အိမ်ခွေးကကော . . . (နှိပ်စက်ပါတယ်) သူကလည်း ဆာလှပြီဆိုမှဖြင့် ဘယ်သူ့မှ မပြောချင်ဘူး ကျုပ်တော့ ထမင်းဆာလွန်းလို့ စိတ်ကိုတိုနေတာပဲ . . . ။ အဲတာလေးထမင်းဆာလို့ စိတ်များတိုနေ လိုက်သေးတယ် (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ) အတော်မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား) အိပ်ကုန်ကြပြီသူများတွေ . . . ။ အနားလာပြီး စကားပြောနေလိုက်တာ၊ အလိုက်မသိလိုက်တာ . . . ဒီလိုကော မလာဘူးလား ဒကာ ဒကာမတို့ . . . (လာပါတယ်)၊ ဒီရုပ်သည်လောက် အရုပ်ဆိုးတာ ဘယ်ရှိလိမ့်မလဲတဲ့။ ဦးခင်မောင် အိပ်ချိန်များ အနားလာပြီး စကားပြောတာခင်ဗျားတို့ ကြိုက်ကြရဲ့လား . . . (မကြိုက်ပါဘူး) ခင်ဗျားတို့ဘယ်သူ နောက်လိုက်မယ် စိတ်ကူးနေလို့လည်း

. . . (တောခွေးနောက် လိုက် မလို့ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ . . . အိပ်ချည်းနေလို့လည်း မဖြစ်သေးဘူးဆိုပြီးသကာလ တစ်ယာက်ကနိုးပြန်တယ်၊ ဦးခင်မောင် . . . ဒီဟာကလေးဟာ ဘယ်လိုလုပ်မတုံး ဘယ်လို ကိစ္စရှိသတုံး ဘယ်လိုကြံစည်ကြမတုံးဆိုတာကလေး လာပြန်တော့ လည်း အိပ်လို့ ဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘူး) ဒါကလေးဟာ မေ့နေတယ်၊ ဒါကလေးဟာ ညအလုပ်လုပ်ရမယ်၊ ကြံရစည်ရမည့်အလုပ်ကလေး ရှိနေသေးတယ်ဆိုတော့လည်း အိပ်ရာကနေ ထလာပြန်တယ် ဒကာ ဒကာမတို့ . . .။ ဘယ်သူဆွဲရာ ပါလာပြန်တာပါလိမ့် (မျောက်ဆွဲရာပါလာပါတယ်ဘုရား)။

ဒီဒကာ ဒကာမတွေဖြစ်တွေကဖြင့် သေခြင်းဆိုးမသေတာ တမယ်ပဲ ကျန်တော့တယ် သားကောင်ခြောက်ကောင်က နှိပ်စက် လိုက်တာ (မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## ကိန်းရာပုဂ္ဂိုလ်က အနှိပ်စက်ခံသမား

ဒါဖြင့် ဒါတွေက ဒုက္ခသစ္စာ။ ကိန်းရာပုဂ္ဂိုလ်က အနှိပ်စက်ခံသမား (မှန်ပါ) ဒုက္ခသပိဋ္ဌနဋ္ဌော ဒုက္ခသ-သားကောင်ခြောက်ကောင်ဆိုတဲ့ ဒုက္ခသစ္စာ၏ ပိဋ္ဌနဋ္ဌော-ခင်ရာ

ပုဂ္ဂိုလ်ကို ညာတာမဖက် အမြန်နှိပ်စက်တယ် (မှန်ပါ) အိပ်ခွင့်လည်းမပေးဘူး၊ စားခွင့် . . . (မပေးပါဘူး) နေခွင့်ထိုင်ခွင့် (မပေးပါဘူး) ဘာမှ မပေးတော့ဘူး' ဒကာ ဒကာမတို့ . . . (မှန်ပါ) ကျုပ်ဖြင့် သေများ သေချင်တာပဲ . . . ကိစ္စတွေက များလိုက်တာ။ ဒါတွေက များနေတာ (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ကျုပ်မရှိရင် အခက်ကြီး

ကျုပ်အိမ်မှာလည်း ကျုပ်လူကြီးဖြစ်နေတော့ ကျုပ်မရှိရင် အခက်ကြီး . . . (မှန်ပါ) ဒါတွေအကုန်ကျုပ်စွဲထားတယ် (မှန်ပါ) သားကောင်ခြောက်ကောင်ဘာလုပ်ထားသတုံး . . . (ကျုပ်စွဲထားပါတယ်) ကျုပ်စွဲထားတော့ ဒကာ ဒကာမတွေ ကျုပ်စွဲထားတဲ့ အခါကျတော့ ဒါက ကိုယ်ပိုင်ကျုပ်တွေပေါ့ဗျာ၊ ငါ့ကိုယ်ငါ့ဟာတွေ အမိပ္ပာယ်ကမရဘူးလား . . .။ (ရပါတယ်ဘုရား) အဲဒါတွေကို ခင်ဗျားတို့က ဒုက္ခသစ္စာလို့ မသိသ၍ ကာလပတ်လုံး ခင်ဗျားတို့ သည် အနေကောင်း အစားကောင်း အဝတ်ကောင်းနဲ့ ဘယ်နည်းနဲ့မှ နေလို့မဖြစ်တော့ဘူး . . . နှိပ်စက်နေမှာပဲ . . . (မှန်ပါ့) ဒါဖြင့် သူတို့ကို ဘာသစ္စာတွေ ဆိုကြမလဲ . . . (ဒုက္ခသစ္စာတွေပါ) ကိန်းရာ ပုဂ္ဂိုလ်ကို ဘာလုပ်ပါလိမ့် (နှိပ်စက်ပါတယ်ဘုရား) ညာတာ မဖက် အမြန်နှိပ်စက်

တတ်တယ် (မှန်ပါ)။

မျက်လုံးကလည်း ဒကာဒကာမတို့ ငါခိုင်းရာလုပ်ရမယ်ဆိုတော့ ဒီပုဂ္ဂိုလ်ဟာတကောက်ကောက် လိုက်ရလိမ့်မယ် (မှန်ပါ) နားကလည်း ငါကြိုက်တဲ့ဆီသွားမယ်ဆိုတော့ ကိန်းရာပုဂ္ဂိုလ်က တကောက်ကောက်မလိုက်ရဘူးလား . . . (လိုက်ရပါတယ်)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ နှိပ်စက်တိုင်းခံနေရတာပေါ့ (မှန်ပါ)။

ဘယ်လိုဆိုကြမလဲ . . . (နှိပ်စက်တိုင်းခံနေရပါတယ်)

အဲဒါကြောင့် ဟောဒါတွေဟာ ဒုက္ခသစ္စာတွေ . . . ဒါက အနှိပ်စက်ခံရတာ (မှန်ပါ) ဒါဖြင့်နှိပ်စက်တတ်တာ ဒုက္ခသစ္စာ၊ အနှိပ်စက်ခံရတာလဲ ဒုက္ခသစ္စာ (မှန်ပါဘုရား) ဒါကြောင့် နှိပ်စက်တယ် နှိပ်စက်တယ်ဆိုတဲ့ တရားနှစ်ခုကို နှစ်ခုစလုံးယူလိုက်ပါ (မှန်ပါ) နှိပ်စက်တတ်တာက ခြောက်ပါး၊ အနှိပ်စက်ခံရတာက ပုဂ္ဂိုလ်သတ္တဝါ (မှန်ပါ) ရှင်းပလား . . (ရှင်းပါပြီ) ပုဂ္ဂိုလ်သတ္တဝါ ကခင်တဲ့တရားပေါ့ဗျာ (မှန်ပါ)။

## သားကောင်ခြောက်ကောင်အလိုလိုက်နေရတယ်

ဒါဖြင့် ဒကာ ဒကာမတို့ တစ်သံသရာလုံးဟာဖြင့်၊ အစားကောင်း အဝတ်ကောင်း အနေကောင်းနဲ့ ကိုယ့်သဘောကိုယ့်အကြိုက် နေခဲ့ရမည့်ဘဝပြောစမ်းပါ (မရှိခဲ့ပါဘူး)သားကောင်ခြောက်ကောင် အလိုလိုက်နေရတယ် (မှန်ပါ)။

သားကောင်ခြောက်ကောင်ကလည်း တစ်ခါတလေကျတော့ မျက်လုံးပေါက်ကသန်တဲ့အခါ မျက်လုံးပေါက်နောက် တကောက်ကောက်ပါသွားတယ် (မှန်ပါ့) နားပေါက်ကသန်တဲ့အခါကျတော့လည်း (တကောက်ကောက်ပါသွားတယ်) နှာခေါင်းပေါက်ကနေပြီး သန်တဲ့အခါကျတော့ (နှာခေါင်းပေါက်နောက် တကောက်ကောက်ပါသွားပါတယ်) ကဲ . . . ခြောက်ပေါက်စလုံး သူ့သန်ရာ သူသန်ရာ ဆွဲသွားကြလို့ရှိရင်၊ ဒကာဒကာမတွေ ခင်တဲ့ပုဂ္ဂိုလ်ဟာ လိုက်လို့ပြီးသေးရဲ့လား . . . (မပြီးပါဘူး)။

## အပါယ်ရောက်ပေါင်းများလှပြီ

ဒါကြောင့် ခင်ဗျားတို့မျက်လုံးပေါက်ကြောင့်လည်း အပါယ်ရောက်ခဲ့လှပြီ (မှန်ပါ) နားပေါက်ကြောင့်ကော -(အပါယ်ရောက်ခဲ့လှပြီ) နှာခေါင်းပေါက်ကြောင့်ကော- (အပါယ်ရောက်ခဲ့လှပြီ) လျှာပေါက်ကြောင့်ကော (အပါယ်ရောက်ခဲ့လှပါပြီ) ကိုယ်

ပေါက်ကြောင့်ကော- (အပါယ်ရောက်ခဲ့လှပြီ) မနောပေါက်ကြောင့်ကော (အပါယ်ရောက်ခဲ့လှပြီ) ဩော် . . . သူတို့ဆွဲဆွဲဆွဲဆွဲသွားလိုက်တာ ကိန်းရာပုဂ္ဂိုလ်မှာဖြင့် သေခြင်းလဲဘဝချည်း ရောက်ခဲ့ရတယ် (မှန်ပါ့)။

ဘယ်လိုပါလိမ့် (သေခြင်းလဲ ဘဝချည်းရောက်ခဲ့ရပါတယ်) သေခြင်းလဲဘဝချည်း ရောက်ခဲ့ရတယ်ဆိုတာ ဒကာဒကာမတွေ သေချာပလား . . . (သေချာပါပြီ) အဲဒါဘုရားသာသနာနဲ့ ကျုပ်တို့က မကြုံတော့သူတို့ဆွဲရာသာ ကျုပ်တို့ကပါပြီး သူတို့ကိုယ်တိုင်ခြေဝပ်အောင် မလုပ်နိုင်လို့ . . . (မှန်ပါ) မှတ်မိကြပလား . . . (မှတ်မိပါပြီ)။

## တိုင်ခြေဝပ်အောင်လုပ်ကြပေတော့

ဘုရားသာသနာနဲ့မကြုံတော့ သူတို့ကို တိုင်ခြေ ဝပ်အောင် လုပ်နိုင်သေးရဲ့လား . . . (မလုပ်နိုင်ပါဘူး)။

ကဲ . . . ယနေ့ကစပြီး ဒကာဒကာမတွေ တိုင်ခြေဝပ်အောင် လုပ်ကြပေတော့ (မှန်ပါ့)။

ဒါဖြင့် ဒီကြိုးနဲ့လည်း ဒီပုဂ္ဂိုလ်ကဆွဲထား၊ ၁-နံပါတ်လည်းကြိုးနဲ့တန်းလန်း၊ ၂-နံပါတ်ကလည်းကြိုးနဲ့တန်းလန်း၊ အကုန်ခြောက်ခုဟာ ကြိုးနဲ့တန်းလန်းမဟုတ်ဘူးလား. . (ကြိုးနဲ့တန်းလန်းပါဘုရား) ဟောဒီခင်တဲ့ပုဂ္ဂိုလ်နဲ့ တန်းလန်းနေတယ်နော်

. . . (မှန်ပါ)။

ကိုင်းဒါဖြင့် ကြိုးခြောက်ချောင်းကိုလိမ်ကျစ်ပြီး ကွင်းလုပ်ကြ၊ ကွင်းလုပ်ပြီးသကာလ ဒကာ ဒကာမတို့ ငုတ်ကြီးကြီးစိုက်ပြီးချည်ထားပါ။ ဒီခြောက်ကောင်ပြေးနိုင်သေးရဲ့လား . . . (မပြေးနိုင်ပါဘူး) သူတို့ကတော့ ပြေးဦးမှာပဲ။ အားရှိသ၍တော့ ဆွဲကြရုန်းကြဦးမှာပဲ (မှန်ပါ) ရုန်းပင်ရုန်းငြားသော်လည်း ငုတ်ကကြီး၊ ကြိုးကခိုင်မြဲတဲ့ သဘောတွေက ရှိနေသောကြောင့် ဒကာဒကာမတွေ အကုန်တိုင်ခြေမှာလာဝပ်ရတယ် (မှန်ပါ) သဘောပါပလား (ပါပါပြီ)။

ဘယ်မှာလာဝပ်ရမတုံး (တိုင်ခြေလာဝပ်ရပါမယ်)အဲ . . . တိုင်ခြေလာဝပ်တဲ့အခါကျတော့မှ၊ တိုင်ခြေဆိုတာ တခြားမဟုတ်ပါဘူး ဒကာဒကာမတို့၊ ခင်ဗျားတို့ဉာဏ်အောက်မှာ သူတို့ဟာ ဖြစ်ပျက်အဖြစ်နဲ့ ရောက်လာလိမ့်မယ် (မှန်ပါ)။

ခင်ဗျားတို့ဉာဏ်အောက်မှာ . . . (ဖြစ်ပျက်အဖြစ်နဲ့ ရောက် လာပါလိမ့်မယ်)။

ကဲ . . . ဖြစ်ပျက်အဖြစ်နဲ့လာဝပ်တဲ့အချိန်ကျတော့ ဒကာ ဒကာမတွေသိတဲ့အတိုင်း တိုင်ကျိုးစရာရှိသေးရဲ့လား . . . (မရှိပါဘူး) မျက်လုံးစိတ်လာလည်းဘာလုပ်မယ် (ဖြစ်ပျက်ရှုရပါတယ်) နားစိတ်လာပြန်ရင် . . . (ဖြစ်ပျက်ရှုရပါတယ်) တိုင်ခြေလာဝပ်ပြီ . . . (မှန်ပါ)။

## ပေါ်ရာဖြစ်ပျက်ရှု

ဒါဖြင့် ပေါ်ရာကို ခင်ဗျားတို့ကရှု မြင်ရင်မြင်စိတ်ဖြစ်ပျက်ရှု၊ ကြားရင် . . . (ကြားစိတ်ဖြစ်ပျက်ရှုရပါမယ်) နံရင် . . . (နံစိတ်ကိုဖြစ်ပျက်ရှုရပါတယ်)၊ စားရင် (စားစိတ်ကို ဖြစ်ပျက်ရှုပါတယ်)၊ ယားရင် . . . (ယားစိတ်ကိုဖြစ်ပျက်ရှုရပါတယ်)၊ ကြံစည်ရင် . . . (ကြံစည်စိတ်ကိုဖြစ်ပျက်ရှုရပါတယ်) ဒါဖြင့် တိုင်ခြေလာဝပ်ပြီဗျ . . . (မှန်ပါ) သေချာပလား (သေချာပါပြီ)။

ဒါဖြင့် ကျုပ်တို့ဉာဏ်အောက်သို့ သူတို့ရောက်တဲ့အခါကျတော့ ဦးခင်မောင်တို့ ဒကာဝတို့ သူတို့ဆွဲရာ ကျုပ်တို့ပါသေးသလား . . . (မပါ ပါဘူး) ကျုပ်တို့ဉာဏ်အောက်ကို ဦးခင်မောင် အကုန်လာရောက်ပြီ . . . (မှန်ပါ)။

## ဉာဏ်အောက်လာရောက်တယ်

ဦးဇံရင် ဘယ်လာရောက်ပါလိမ့် (ဉာဏ်အောက်လာရောက်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ရောက်တဲ့ အခါကျတော့ ဒကာဒကာမတွေသိတဲ့အတိုင်း၊ ဒီခြောက်ခုမှတစ်ပါးသော အပိုရှိသေးသလား . . . (မရှိပါဘူး)မရှိတော့ ဒီဥစ္စာတွေကို ဘာလုပ်ရမယ်ဆိုတာ ကော သဘော ပါပလား . . . (ပါပါပြီ) ဘာလုပ်ရမယ် . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့မြင်စိတ်လာရင်လည်း ဘာလုပ်ရမယ်(ဖြစ်ပျက်ရှုရပါမယ်) ကြံတွေးတဲ့စိတ်လာရင်ကော . . . (ဖြစ်ပျက်ရှုရပါမယ်) အကုန်ဖြစ်ပျက်ရှု၊ ဘာမှမရှိရင် ရှူတဲ့ ရှိုက်တဲ့စိတ်ရှု (မှန်ပါ) ရှုလိုက်တဲ့ အခါကျတော့ ဦးခင်မောင်၊ သူတို့ခြောက်ခုကဖြစ်ပျက် ကျုပ်တို့ရှုတာက (မဂ်ပါဘုရား)။

## ဖြစ်ပျက်ရှုလို့ရပါတယ်

ဒါဖြင့် ဒကာ ဒကာမတို့ သူတို့ကကျုပ်တို့တိုင်ခြေလာဝပ်လို့မိအောင် ဖမ်းနိုင်လို့ဖြစ်ပျက်တွေ့တာ (မှန်ပါ) သူတို့ဆွဲရာလိုက်ရင် ဖြစ်ပျက်မတွေ့ဘူး (မှန်ပါ) သူတို့ကိုမြဲအောင်ချည်ပြီး သကာလ၊ တိုင်ခြေမှာ ငုတ်ကြီးကြီးနဲ့ စိုက်လိုက်တဲ့အတွက်၊ သမာဓိကြီးကြီးနဲ့ စိုက်လိုက်တဲ့အတွက် ပညာတည်းဟူသော တရားက ဒကာဒကာမတို့ သားကောင်ခြောက်ကောင်ကို ဖြစ်ပျက်ရှုလို့ရပါတယ် (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

သားကောင်ခြောက်ကောင်ကို ဘာလုပ်လို့ရသတုံး (ဖြစ်ပျက်ရှုရပါမယ်) ဒါဖြင့်ဖြစ်ပျက်မဂ်ဆိုတော့ ဒကာ ဒကာမတို့ ဒီတဏှာ ကြီးလာသေးရဲ့လား . . . (မလာပါဘူး) ဥပါဒါန်ကြီးကော (မလာပါဘူး) ကံတည်းဟူသော စီမံတတ်တဲ့တရား . . . (မလာပါဘူး) ဘယ်နှယ့်ကြောင့် မလာပါလိမ့်မတုံးဆိုတော့၊ တိုင်

ခြေလာဝပ်ကြတဲ့အတွက် မနောပေါက်ကနေ တစ်ပေါက်တည်း လာတယ် (မှန်ပါ)မနောပေါက်တည်းဟူသော တိုင်ခြေမှာ ကျုပ်တို့က သူတို့ပေါ် သ၍ ရှုပေးရမယ် (မှန်ပါ) သဘောကျ ပလား (ကျပါပြီ)။

ဒါဖြင့် မနောပေါက်တည်းဟူသော တိုင်ခြေမှာ လာဝပ် တဲ့အတွက်၊ ကျုပ်တို့ကမနောနဲ့ပဲ မျက်လုံးစိတ်ကိုလည်း မနောနဲ့ ရှုပါ နားစိတ်ကိုလည်း . . . (မနောနဲ့ရှုရပါတယ်) တိုင်ခြေလာဝပ် တာ တိုင်ခြေမှာပဲ ရှုရမယ် (မှန်ပါ) နှာခေါင်းစိတ်ပေါ် ရင်ကော (မနောနဲ့ ရှုရပါမယ်) မနောနဲ့ချည်းရှုပါ။ (မှန်ပါ) ကိုင်း ဒီခြောက်ခု လာချင်ရာကလာ ဘယ့်နှယ့်လုပ်ကြမလဲ . . . (မနောနဲ့ရှုရပါ မယ်)။

## မနောကမှ ဖြစ်ပျက်မြင်တာ

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဟာ မျက်လုံးနဲ့ရှု ရမှာလား . . . နားနဲ့ရှုရမှာလား၊ နှာခေါင်းနဲ့ ရှုရမှာလား၊ လျှာနဲ့ ရှုရမှာလား ကိုယ်နဲ့ ရှုရမှာလား၊ မနောနဲ့ ရှုရမှာလား (မနောနဲ့ ရှုရမှာပါ) မနောကမှ ဖြစ်ပျက်မြင်တာ။ မျက်လုံးက အဆင်းသာ မြင်တာ (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

နားက အသံကိုသာကြားတာ။ မနောကမှ ဖြစ်ပျက်မြင် တာ (မှန်ပါ) အသံကိုတော့နားကကြားပါရဲ့ အသံ၏ပျက်မှုကျ

တော့ (မနော၁ကမှမြင်ပါတယ်ဘုရား) ကြားတဲ့စိတ်ကလေး ကျတော့ ဘာနဲ့မှ မြင်မတုံး . . . (မနော၁နဲ့မှမြင်ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ တောင်ဘို့ ခြောက်ပေါက်ရှိတဲ့ နေရာမှာ ငါးပေါက်ပိတ်ပြီး တစ်ပေါက်ဖမ်းဆိုတာနဲ့ကော မကိုက်သေးဘူးလား . . . (ကိုက်ပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီငါးခုလာသ၍ကို တစ်ပေါက်တည်း ကနေပြီး သူတို့ထွက်တာ ဖမ်းနေစမ်းပါ (မှန်ပါ) မနော၁ပေါက်က နေပြီး မနော-မနော၁ချင်းဖမ်းလိုက်ရင်လည်း ခြောက်ပေါက် ဖြစ်သွားမှာပဲ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာအလုပ်ကိုလုပ်တတ် ပလား. . . (လုပ်တတ်ပါပြီ) ကိုယ့်စိတ်ကိုယ်ရှု (မှန်ပါ) ကိုယ့်စိတ် ကိုယ်ရှုဆိုတာ၊ ကိုယ့်သန္တာန် မြင်စိတ်ပေါ်ရင် (မြင်စိတ်ရှုရပါမယ်) ကြားစိတ်ပေါ်ရင် (ကြားစိတ်ရှုရပါမယ်) နံစိတ်ပေါ်ရင် (နံစိတ်ရှုရ ပါမယ်) စားစိတ်ပေါ်ရင် (စားစိတ်ရှုရပါမယ်) ယားစိတ်ပေါ်ရင် (ယားစိတ်ရှုရပါမယ်) ကြံစိတ်ပေါ်ရင် (ကြံစိတ်ရှုရပါမယ်) ဘာ မှမရှိရင် ထွက်သက်ဝင်သက်အားထုတ်တဲ့ စိတ်ကိုရှုပါ (မှန်ပါ) သဘောပါပလား (ပါပါပြီ)။

## ဒီမဂ်ရင့်လာရင် သောတာမန်တည်လိမ့်မယ်

ဒါဖြင့် ဒီလိုရှုတော့ ဖြစ်ပျက်မဂ်ဆိုတော့ ဒီဘက်က သံယောဇဉ်တွေ လာသေးရဲ့လား . . . (မလာပါဘူး) သံယောဇဉ် ဒီလိုပြတ်သွားတော့ ဒီမဂ်ရင့်လာလို့ ရှစ်ပါးဖြစ်လာရင် ခင်ဗျားတို့သည် သောတာပန်တည်ပါလိမ့်မယ် (မှန်ပါ)။ ရှင်းပြီးနော် (ရှင်းပါပြီ)။

ကိုင်း ယနေ့ နာရီစေ့ပြီ တော်ကြစို့ ။

**သာဓု - သာဓု - သာဓု ။**